ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 4 February 2020 ၉၈၁၅

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှစတင်၍ လတ်တလောဖြစ်ပွားလျက်ရှိသည့် (2019–nCoV Virus) အဆုတ်ရောင်ရောဂါကြောင့် တရုတ်ပြည်သူများ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာကို ယနေ့ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် တရုတ်နိုင်ငံအနေဖြင့် အဆင့်မြင့်ကျန်းမာရေးဆိုင်ရာ နည်းပညာများကို ပိုင်ဆိုင်ထားသည့်အတွက် ယခုဖြစ်ပွားလျက်ရှိသည့် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ဆက်လက်မပြန့်ပွားရေးကို အမြန်ဆုံးအောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဦးဆောင်မှုအောက်တွင် တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းပါဝင်မှုများကြောင့် လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားသွားနိုင်မည်ဟုလည်း အပြည့်အဝ ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် နည်းလမ်းများရှာဖွေရာတွင် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး– ၂၀၂၀ ၏ အထွေထွေအတွင်းရေးမှူး Dr. Young Ho Yun အား လက်ခံတွေ့ဆုံစဉ်။

**ဆိုးလ် ဖေဖော်ဝါရီ ၃**

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး – ၂၀၂၀ သို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာရာ ဖေဖော်ဝါရီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဆိုးလ်မြို့သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ Universal Peace Federation – UPF ၏ အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ဥက္ကဋ္ဌ Mr. Ek Nath Dhakal၊ သံရုံးဝန်ထမ်းများ၊ သံရုံးမိသားစုဝင်များနှင့် တာဝန်ရှိသူများက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

**ကြေးမုံ ယနေ့ ဖတ်စရာ**

**၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် Teaching Assistant များ ခန့်ထားပေးနိုင်ရေးသတ်မှတ်မှုများနှင့်အညီ စိစစ်ပြီး ဆက်လက်ဆောင်ရွက်ပေးမည်**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

**တာပိန်မြစ်ကူးတံတား တည်ဆောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်သွားမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# လူငယ်လူရွယ်များ သတိမူဆင်ခြင်တည့်မတ်

လူငယ်လူရွယ်များမှာ နိုင်ငံ၏ သားကောင်းရတနာများဖြစ်သည်။ လူငယ်လူရွယ်များမှာ ပျော့ပျောင်းနူးညံ့သော ဖယောင်းကဲ့သို့ဖြစ်သည်။ စိတ်ဓာတ်တက်ကြွပြီး အတုမြင်အတတ်သင် စူးစမ်းလေ့လာတတ်သူများဖြစ်သည်။ လူငယ်များလမ်းမှန်ပေါ်တွင် တောက်ပြောင်သည့်ကြယ်ပွင့်များဖြစ်ပြီး လမ်းမှားသို့ရောက်လျှင် တောက်ပြောင်သည့်အနာဂတ် ဆုံးရှုံးပျောက်ကွယ်နိုင်သည်။

ထို့ကြောင့် လူငယ်လူရွယ်များကို မိဘ၊ ဆရာနှင့် ပတ်ဝန်းကျင်တို့က တည့်မတ်ပြုပြင်ပျိုးထောင်ပေးရမည်ဖြစ်သလို မိမိတို့ကိုယ်တိုင်လည်း ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖေဖော်ဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူငယ်လူရွယ်များဘဝ တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရန် လမ်းညွှန်မှာကြားခဲ့သည်။ သန်လျင်လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြသောကလေးအများစုမှာ မူးယစ်ဆေးဝါးအမှုဖြင့်ဖြစ်သည်။ မူးယစ်ဆေးဝါးသားကောင်ဖြစ်ခဲ့သည့် ကလေးငယ်များဘဝ အညွှန့်မတုံးအောင် လမ်းမှန်ပြသည့်သင်တန်းကျောင်း၌ ပြန်လည်တည့်မတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့စိတ်ထဲတွင် မိမိတို့ဖြစ်ချင်သည့်စိတ်၊ မိမိကိုယ်ကိုကူညီချင်သည့်စိတ်ရှိရမည်။ လုပ်နိုင်သည်ဟုလည်း ယုံကြည်မှုရှိရမည်။ သတိထားကြိုးစားလျှင်၊ လူတိုင်းလူတိုင်း အမှန်တကယ်လုပ်ချင်သည်ဆိုလျှင် လုပ်နိုင်သည်။ အမှန်တကယ်ဆန္ဒရှိလျှင် မလုပ်နိုင်စရာအကြောင်းမရှိ။ ကြိုးစားရမည်။ လွယ်လွယ်နှင့်ရမည်မဟုတ်။ မိမိလုပ်ချင်သည်ကို လုပ်နိုင်အောင်ကြိုးစားရမည်။ တစ်ခုခုလုပ်ချင်ပြီဆိုလျှင် ကိုယ်လုပ်ချင်သည့်ကိစ္စကို အောင်မြင်မည့်နည်းအမျိုးမျိုးဖြင့် လျှောက်လှမ်းပြီး အချိန်ယူရမည်။ ကိုယ့်ဘဝအား ကိုယ်တိုင်ပြုပြင်၍ရသည်ကို ယုံကြည်ချက်ရှိဖို့လိုသည်ဟု လူငယ်သင်တန်းကျောင်းမှကလေးများအား တိုက်တွန်းအားပေး ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးသည် စမ်းသပ်စရာပစ္စည်းမဟုတ်ပေ။ စမ်းသပ်ကြည့်သည့် သဘောမျိုးဖြင့်ဖြစ်စေ၊ အခြားသူတို့ကဆွဲဆောင်၍ဖြစ်စေ စိတ်ဝင်စားပြီး စမ်းသပ်ကြည့်လိုက်သောအခါ ဖြတ်မရဘဲ မိမိအတွက်ရော၊ ပတ်ဝန်းကျင်သာမက နိုင်ငံအတွက်ပါ ဆုံးရှုံးမှုများနှင့်ကြုံရသည်။ မျက်မှောက်ကာလတွင် ဘိန်းဖြူ၊ နံပါတ်ဖိုးထက်အဆင့်မြင့်သည့် စိတ်ကြွဆေးပြားများအန္တရာယ်သည် လူငယ်လူရွယ်များကြားတွင် အန္တရာယ်ကြီးမားစွာပေါ်ပေါက်နေသည်။ မူးယစ်ဆေးဝါး၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ရာဇဝတ်မှုများဖြစ်သည်အထိပင် ဆက်တိုက်ဖြစ်ပေါ်နေသည်။ အကျိုးဆက်မှာ ဘဝပျက်ပြီး ထောင်ဒဏ်အပြစ်ဒဏ်ကျခံကြရသည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မိမိကိုယ်မိမိ ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ မိမိကိုယ်ကိုနှိပ်စက်ခြင်း၊ မိမိပတ်ဝန်းကျင်ကိုပါ ဖျက်ဆီးခြင်းဖြစ်၍ နောက်ဆုံးတွင် တိုင်းပြည်၏အနာဂတ်ကိုပါ ဖျက်ဆီးလိုက်သလို ဖြစ်နေသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများကို နိုင်ငံတော်ကအမျိုးသားရေးအသွင်ဖြင့် စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့် တိုက်ဖျက်နေသဖြင့် လူငယ်လူရွယ်များကလည်း ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးအမျိုးမျိုးကို သတိထားရှောင်ရှားကြရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲမိကြသော လူငယ်လူရွယ်များအနေဖြင့် ဆိုးကျိုးများကို ကောင်းစွာသိမြင်ပြီး မူးယစ်ဆေးဝါးလုံးဝအမြစ်ပြတ်ရမည်ဟု သန္နိဋ္ဌာန်ချကာ တိုက်ဖျက်ကြရမည်ဖြစ်သည်။

လူ့ဘဝသည်ရခဲလှသဖြင့် မူးယစ်ဆေးဝါးဖြင့် ဘဝကိုအလွယ်တကူ မဆုံးရှုံးအောင် သတိပြုရမည်ဖြစ်သည်။ လူ့ဘဝသည် တိုတောင်းလွန်းလှသဖြင့် မိမိတို့အသက်ရှင်သန်နေရသည့် အချိန်တိုဘဝအတွင်း မိမိတို့ဘဝ ရှင်သန်အောင်၊ အညွှန့်မကျိုးအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များသည် မိမိတို့ဘဝ၊ မိမိတို့မိသားစုဘဝ၊ မိမိတို့နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော လူသားအရင်းအမြစ်များဖြစ်ရာ ဘဝ၌ မည်သို့ပင်ဖြစ်ခဲ့သည်ဖြစ်စေ မိမိတို့ဘဝကို အချိန်မီပြန်လည်ပြုပြင်တည့်မတ်၍ တန်ဖိုးရှိအောင် အသုံးချရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များသည် မိမိတို့မိသားစု၊ မိမိတို့နိုင်ငံအတွက် မျှော်လင့်အားထားရာ သားကောင်းရတနာများအဖြစ် မိမိတို့ဘဝကို ကောင်းသည်ထက်ကောင်းအောင်ကြိုးစားအားထုတ်ရာ၌ လက်ရှိကာလတွင် အန္တရာယ်ကြီးမားနေသော မူးယစ်ဆေးဝါးစက်ကွင်းအတွင်း မသက်ဆင်းမိအောင် အသိတရားဖြင့် သတိထားဆင်ခြင်၊ ပြုပြင်တည့်မတ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။
(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။
(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီယက်နမ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၆၇၀ | ၇,၇၀၅,၀၀၀ |
| MTSH | ၄,၀၀၀ | ၃,၉၅၀ | ၇,၄၀၈ | ၂၉,၅၅၉,၁၀၀ |
| MCB | ၈,၄၀၀ | ၈,၂၀၀ | ၂၂ | ၁၈၄,၂၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၅၀၆ | ၁၁,၆၁၉,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁,၈၄၄ | ၅,၂၆၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၈၈၀/၉၀၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၀ ကျပ် | ၉၁၀/၉၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၈၀၅ ကျပ် | ၈၁၀/၈၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၉၁၀ ကျပ် | ၈၉၀/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၆၅/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၅၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၂.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၇.၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၈၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၄.၁၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၆၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၀.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၀၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၄.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၅.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ညီညွတ်ရေးဆိုတာ



ညီညွတ်ရေးဆိုတာဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့က ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ညီညွတ်ရေးဆိုတာ ဘာအတွက်ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့်ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့တိုင်းသူပြည်သားတွေကိုနှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက်ညီညွတ်ရမလဲ။ အဲဒီတော့က ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကိုရအောင်၊ အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းသည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်]*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

* ရှေ့ဖုံးမှ

အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Lotte Hotel Seoul သို့ ရောက်ရှိကြသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တာဝန်ရှိသူများနှင့်အတူ Kintex Center ၌ ကျင်းပသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး- ၂၀၂၀ (Peace , Security and Human Development World Summit 2020 ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**လက်ခံတွေ့ဆုံ**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး-၂၀၂၀ ၏အထွေထွေအတွင်းရေးမှူး Dr. Young Ho Yun အား ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Kintex Center ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တတိယအကြိမ် အာရှ- ပစိဖိတ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံအစိုးရနှင့် UPF တို့ပူးတွဲ၍ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း MYNFREL အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Myanmar Network Organization for Free and Fair Elections (MYNFREL)အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသော၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေမည့် စံပြရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူလူထုအသိပညာပေးခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် MYNFREL အဖွဲ့က ဆောင်ရွက်မည့်မဲဆန္ဒရှင်အသိပညာပေးခြင်းဆိုင်ရာ သင်တန်းနှင့်ဆင့်ပွားသင်တန်းများ ပို့ချသွားမည့်အစီအစဉ်၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိစေရေးအတွက် မဲစာရင်းကြည့်ရှုရန် လှုံ့ဆော်မှုဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၅ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဒေါ်ထွေးရင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း | ၂၇-၁-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဒေါ်ထွေးရင်(၅၃)နှစ်၊ (ဘ)ဦးသိန်းမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သားဖြစ်သူ ချစ်သူ(၁၉)နှစ်၊ (ဘ)ဦးမောင်ဆိုင်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ) ၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ဖုန်ကုန်းလေးကျေးရွာနေ သိန်းမော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်စံပြကျေးရွာသွားလမ်းပေါ်၌ ဖုန်ကုန်းလေးကျေးရွာနေ သိန်းမော်(၄၅)နှစ်၊ (ဘ)ဦးအောင်ရှိန် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်)မယ(ပ)၅/ ၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆( ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မွန်စုရပ်ကွက်နေသားကြီးသည်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၂၀ ရက်နေ့တွင် မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မွန်စုရပ်ကွက်နေ သားကြီး(ခ)သိန်းထွန်းဦး(၂၈)နှစ်၊ (ဘ)ဦးသန်းထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်)မယ(ပ)၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ တောင်ငယ်ကျေးရွာနေ နိုင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ တောင်ငယ်ကျေးရွာနေ နိုင်ငယ်(ခ)နိုင်လင်း(၃၁)နှစ်၊ (ဘ)ဦးထွန်းမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မဏ္ဍိုင်)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်နေ မနီနီဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၉) ရပ်ကွက်နေ မနီနီဝင်း(၂၄)နှစ်၊ (ဘ)ဦးစိုးသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မကျော်ဇေယျ(ခ)မမဲလုံး(၁၅)နှစ်၊ (ဘ)ဦးလှမျိုးဝင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ)မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနား(အနောက်)ရပ်ကွက်နေ မိနီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်းပေါ်၌ ၎င်းလမ်းနေ မိနီ(ခ)မနီနီလွင် (၄၃)နှစ်၊ (ဘ)ဦးကျော်သိန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်နေ မိခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်နေ မိခိုင်(ခ)ခိုင်သန္တာဦး(၃၅)နှစ်၊ (ဘ)ဦးမြင့်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ) မယ(ပ)၇/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၆၄) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၂၄၀)ဦး၊ မ(၂၄၉)ဦး၊ ပေါင်း (၁၄၈၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၅၀၂.၃၈၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၄၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၆၃၄၃၂)ပြား၊ ဆေးခြောက်(၁၀၃၁၀.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ (၂၅၇) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နိုင်ငံတကာဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းတို့အကြား အပြန်အလှန်ချိတ်ဆက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International IDEA တို့ ပူးပေါင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နိုင်ငံတကာဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းတို့အကြား အပြန်အလှန်ချိတ်ဆက်မှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

**လေ့လာခွင့်ရမည်**

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်က ယခုဆွေးနွေးပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မူသဘောတရားများ၊ နိုင်ငံတကာဥပဒေဆိုင်ရာ မူသဘောတရားများ၊ ဖက်ဒရယ်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် သက်ဆိုင်သောအကြောင်းအရာများကို ဗဟုသုတရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် မိမိတို့ခုံရုံး၏ လုပ်ငန်းတာဝန်များအနက် အဓိကကျသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မူသဘောတရားသည် အလွန်ပင်နက်နဲကျယ်ပြန့်ပါကြောင်း၊ ထိုကဲ့သို့ ပညာရပ်ဆန်ပြီး နက်နဲသည့် အခြေခံဥပဒေအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မူသဘောတရားများကို လေ့လာဆွေးနွေးခွင့်ရမည်ဖြစ်သဖြင့် အလွန်ပင်ဝမ်းမြောက်မိပါကြောင်း၊ ထို့အပြင် နိုင်ငံတကာဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့အကြား ဆက်စပ်မှုများကိုလည်း လေ့လာခွင့်ရမည်ဖြစ်သဖြင့် အသိပညာ၊ ဗဟုသုတများရရှိမည်ဟု ယုံကြည်မိပါကြောင်း၊ International IDEA Myanmar နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့သည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပြီး IDEA အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် ထူထောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများ တိုးပွားလာစေရန် ပံ့ပိုးကူညီမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ခုံရုံးအနေဖြင့် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်းကျင်းပရာ Center for Constitutional Transition မှ ဒါရိုက်တာ Mr. Sujit Choudhry က ဖက်ဒရယ်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၊ တရားမဥပဒေ၊ အင်္ဂလိပ်ရိုးရာဥပဒေနှင့် တရားရေးဆိုင်ရာအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအခန်းကဏ္ဍ၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏အခြေခံမူများ စသည့်အကြောင်းအရာများကို ဆွေးနွေးပြီး ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ရည်ရွယ်ကျင်းပခြင်းဖြစ်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် အသိပညာများတိုးပွားလာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ နိုင်ငံတကာဥပဒေသဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေများအကြား ဆက်နွယ်မှုများနှင့်စပ်လျဉ်း၍ အသိအမြင်၊ ဗဟုသုတများရရှိလာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအတွေးအခေါ်များ မြင့်မားလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သံဃနာယကနှင့် ဝိနည်းဓိုရ်ဗဟိုအဆင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

သံဃနာယကနှင့် ဝိနည်းဓိုရ်ဗဟိုအဆင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

### တက်ရောက်ကြည်ညို

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

### အတည်ပြုပြဋ္ဌာန်းပေး

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒကထာကို ချီးမြှင့်တော်မူရာတွင် သာသနာတော်နှစ် ၂၅၂၄၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ရည်ရွယ်ချက်ဖြင့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးကြီးက **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** ဟူသော မူဝါဒကို ချမှတ်လျက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

အဆိုပါ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများနှင့်အညီ နိုင်ငံတော်အဆင့်တွင် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဟု ဖွဲ့စည်း၍ အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပြီး ဝိနည်းဓိုရ်ဆရာတော်များကိုလည်း ရွေးချယ်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ရွေးချယ်ဖွဲ့စည်းခဲ့သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသော သာသနာတော်အရေးကိစ္စကြီး (၃)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထို့အပြင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ၁၉၈၁ ခုနှစ်တွင် ဝိနည်းဓိုရ်သင်တန်းနှင့် သံဃနာယကသင်တန်းတို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ထိုသင်တန်းမှပို့ချချက်များကိုစုစည်းပြီး သံဃနာယကလက်စွဲကိုပြုစု၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ အခြေအနေအချိန်အခါအရဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားလွှာများကိုလည်း ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေခြင်းငှာ ဝိနိစ္ဆယလက်စွဲကိုလည်း အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုသို့ ဓမ္မစက်ဖြင့် သံဃာ့အဖွဲ့အစည်းစက်ယန္တရားကြီးကို လည်ပတ်စေနိုင်ခဲ့ပါကြောင်း။

### ဖတ်ရှုလေ့လာမှုမရှိ

အချို့ဝိနိစ္ဆယအမှုတွဲများ၌ ဝိနိစ္ဆယအဖွဲ့သဘာပတိ၏ မှုခင်းမှတ်တမ်းမပါရှိခြင်း၊ နောက်ဆုံးစောဒနာလွှာ၊ သောဓနာလွှာမတောင်းခံခြင်း၊ သက်သေစုံလင်အောင် မစစ်ဆေးခြင်း စသည်တို့ကိုလည်း မကြာခဏတွေ့ရတတ်ပါကြောင်း၊ ဤသို့သော ဟာကွက်ပျော့ကွက်များသည် လုပ်ထုံးလုပ်နည်းစသည်တို့ကို အဖန်ဖန်အထပ်ထပ် ဖတ်ရှုလေ့လာမှုမရှိခြင်းကြောင့် ဖြစ်ကြရပါကြောင်း၊ ထို့အပြင် အချို့သောသံဃနာယကများသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများကို လေ့လာအားထုတ်မှုနည်းပါးသဖြင့် ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်ပြုမှု၊ မပြုမှုတို့၌လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီး တင်မြှောက်မှုတို့၌လည်းကောင်း ပီပြင်စွာဆောင်ရွက်မှုများ မပြုလုပ်နိုင်ကြသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ မရောက်ရှိသင့်ဘဲ ရောက်ရှိလာကြသဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေရသည်ကိုလည်း လေ့လာသိရှိနေရပါကြောင်း။

ဤကဲ့သို့ မလိုလားအပ်သောပြဿနာရပ်များ မပေါ်ပေါက်အောင် (သို့မဟုတ်) နည်းပါးနိုင်သမျှနည်းပါးအောင် သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ၊ လုပ်ထုံးလုပ်နည်းကျွမ်းကျင်၍ အရည်အချင်းမြင့်မားစေရန် ဤဗဟိုအဆင့် မွမ်းမံသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချရခြင်းဖြစ်ပါကြောင်း။

### ပြန်လည်ပို့ချသင်ကြား

သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် မိမိတို့ဆိုင်ရာလုပ်ငန်းကိစ္စတို့၌ လိမ္မာကျွမ်းကျင်သော စူးစမ်းနှိုင်းချိန်နိုင်သည့် ဉာဏ်ပညာနှင့်ပြည့်စုံသော စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့်ပုဂ္ဂိုလ်များဖြစ်လာအောင် ဤဗဟိုအဆင့် မွမ်းမံသင်တန်းမှ ပို့ချသင်ကြားပေးသော အချက်အလက်များကို စိတ်ပါဝင်စား မှတ်သားလေ့လာတော်မူကြ၍ မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ နာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များအား ထပ်ဆင့်သင်တန်းများ ပြန်လည်ပို့ချသင်ကြားပေးတော်မူကြလျက် လုပ်ထုံးလုပ်နည်းကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသည့် သံဃနာယကများ၊ ဝိနည်းဓိုရ်များဖြစ်လာစေရန် သာသနပြုစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပါဟု လေးလေးနက်နက်တိုက်တွန်းပါကြောင်း မိန့်ကြားသည်။


ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်တန်းသို့ တက်ရောက်လာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကဆရာတော်ကြီးများထံ သင်တန်းဆိုင်ရာစာအုပ်များနှင့် စာရေးကိရိယာများကို ဆက်ကပ်လှူဒါန်းသည်။


**သတင်းစဉ်**


တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော
အဆုတ်ရောင်ရောဂါ (2019-nCoV) မိမိကစ၍ကာကွယ်ပါ။

ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ
- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း
- အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ် ထိတွေ့ရာမှတစ်ဆင့် ကူးစက်ခြင်း







သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ
လွန်ခဲ့သည့် (၁၄)ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားခဲ့ခြင်း (သို့မဟုတ်) အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး
- ဖျားခြင်း (အပူချိန် ၃၈°C / ၁၀၀.၄°F နှင့်အထက်ရှိခြင်း)
- ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း

ကာကွယ်နိုင်မည့်နည်းလမ်းများ
- အဆုတ်ရောင်ရောဂါလက္ခဏာ ခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးကြောပါ။
- နှာချေချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။ (အထူးသဖြင့် ဘတ်(စ်)ကားစီးစဉ်)
- တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ၊ ကောင်းစွာ အိပ်စက်အနားယူပါ။
- လူထူထပ်သည့်နေရာများသို့ သွားလာခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- တိရစ္ဆာန်များနှင့် အကာအကွယ်မပါဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

(2019-nCoV)

အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူပါ။

အသေးစိတ်သိရှိလိုပါက ဤ QR Code ကို Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.2 (၃-၂-၂၀၂၀)




ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီသို့ အစ်ကို ဦးခင်မောင်ကြီး(ဦးခင်ကြီး)၊ အစ်ကို ဦးသိန်းမြင့်၊ အစ်မ ဒေါ်အေးအေးသစ်တို့အား ရည်စူး၍ ဦးစိုးဝင်း – ဒေါ်မာမာဆွေ မိသားစုက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းစဉ်။ သတင်းစဉ်

# တရုတ်နိုင်ငံသားတစ်ဦးအား ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၃၀ ရက်တွင် ရောက်ရှိခဲ့သော အသက် (၃၂) နှစ်အရွယ် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးသည် ကိုယ်အပူချိန် အနည်းငယ်မြင့်မားခြင်းနှင့် လည်ချောင်းနာခြင်းတို့ ဖြစ်ပွားသဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ပုဂ္ဂလိကဆေးခန်း တစ်ခုသို့ သွားရောက်ပြသခဲ့ပြီး အဆိုပါဆေးခန်းမှ လှိုင်သာယာပြည်သူ့ဆေးရုံသို့ ညွှန်းပို့ခဲ့ရာ ဆေးရုံရှိ သီးခြားခန်းတွင်ထားရှိ၍ ရောဂါရာဇဝင်မေးမြန်းခြင်းနှင့် စမ်းသပ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ယင်းနောက် ၎င်းအမျိုးသားအား လှိုင်သာယာပြည်သူ့ဆေးရုံမှ ဝေဘာဂီအထူးကုဆေးရုံသို့ စနစ်တကျလွှဲပြောင်း၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားရှိပြီး ဆေးရုံရှိ သီးခြားခန်းတွင်ထားရှိကာ ကုသပေးလျက်ရှိပါသည်။ လူနာ၏အခြေအနေမှာ (ယနေ့ညနေ စစ်ဆေးချက်များအရ) တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် 2019 – nCoV ရောဂါပိုးကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ **ကြေးမုံ**

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် Teaching Assistant များ ခန့်ထားပေးနိုင်ရေး သတ်မှတ်မှုများနှင့်အညီ စိစစ်ပြီး ဆက်လက်ဆောင်ရွက်ပေးမည်


ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင်


နေပြည်တော် ကောင်စီဝင် ဦးညီထွန်း


မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင်၏ **ကန်ကြီးထောင့်မြို့တည်ထောင်ခဲ့သည်မှာ (၂၄)နှစ်ကြာပြီဖြစ်သော်လည်း မြေပေးမိန့်ရရှိချိန်မှစ၍ ယနေ့အထိ နှစ်ပေါင်း (၂၀)အတွင်း နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးသော မြေကွက်ရယူထားသူများအား တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်နှင့် မြေပေးမိန့်မချရသေးသော မြေကွက်များစွာကျန်ရှိရာ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအား ပြည်ထောင်စုအစိုးရမှ ဖိတ်ခေါ်လမ်းညွှန်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ကန်ကြီးထောင့်မြို့တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၂၄)နှစ်ကြာမြင့်နေပြီဖြစ်သော်လည်း မြေပေးမိန့်ရရှိချိန်မှစ၍ ယနေ့အထိနှစ်ပေါင်း (၂၀)အတွင်း နေအိမ်ဆောက်လုပ်နေထိုင်ခြင်းမရှိဘဲ မြေကွက်ရယူထားသူများအား ယနေ့အထိ အရေးယူဆောင်ရွက်ထားခြင်းမရှိသေးသော်လည်း အဆောက်အဦတည်ဆောက်ခြင်းမရှိသေးသည့် ပြည်သူများကို မိမိပိုင်မြေများတွင် အဆောက်အဦများ ပြန်လည်တည်ဆောက်ရန်အတွက် မြို့မြေချထားရေးအဖွဲ့မှ ထပ်မံအသိပေးအကြောင်းကြားခြင်း၊ မြေပေးမိန့်မရှိသေးလျှင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပြီး ထုတ်ယူရန် အကြောင်းကြားထားခြင်းများ ပြုလုပ်ထားပါကြောင်း။

ကန်ကြီးထောင့်မြို့နယ်တွင် မြို့မြေချထားစဉ်က အကွက်(A)၊ အကွက်(B)၊ အကွက်(C)ဟု ဘလောက် (၃)ခုသတ်မှတ်ခဲ့ပါကြောင်း၊ အကွက် (B) နှင့် အကွက် (C) ရှိ တောင်သူများအား မြေလျော်ကြေးပေးခဲ့သော်လည်း အကွက်(A)မှ တောင်သူများအား မြေလျော်ကြေးပေးမှုမရှိသေးပါကြောင်းနှင့် မြေလျော်ကြေးမရရှိသေးသော အကွက် (A) ဧရိယာတွင် မြို့မြေသိမ်းဆည်းစဉ်က ပါဝင်သော


ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို


ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း

မူလပိုင်ရှင်တောင်သူများက မူရင်းလယ်ကွက်များတွင် သီးနှံစိုက်ပျိုးလုပ်ကိုင်လျက်ရှိသဖြင့် မြေပေးမိန့်မချရသေးသော မြေကွက်များစွာကျန်ရှိနေခြင်းဖြစ်ပါကြောင်း၊ ထိုအကွက်များနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာတောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၏ **မာန်အောင်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားရန်လိုအပ်လျက်ရှိသော ဆရာ ဆရာမများအား ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် Teaching Assistant (TA) များ ခန့်ထားပေးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စိစစ်ပြီး လျှောက်လွှာများ ထပ်မံရောက်ရှိလာချိန်တွင် သတ်မှတ်မှုများနှင့်အညီ စိစစ်ပြီး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ထနောင်းကုန်း အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ်သို့ တိုးမြှင့်နိုင်ရေး ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများဆောင်ရွက်ချိန်တွင် စိစစ်ဆောင်ရွက်ပေးမည်

ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ် တင်းဂါတ်ကျေးရွာအုပ်စု ထနောင်းကုန်းအခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ်သို့ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အမီ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ထနောင်းကုန်းအခြေခံပညာမူလတန်းလွန်ကျောင်းသည် ကျောင်းသက်တမ်းအဆင့် နှစ် ၃၀ ခန့်ရှိပြီဖြစ်ပါကြောင်း၊ ကျောင်းသားဦးရေအနေဖြင့် ၁၉ ဦးသာရှိသော်လည်း ထိုကျောင်းသားဦးရေပြည့်မီခြင်းမရှိသည့်အတွက် အဆင့်တိုးမပေးပါက ကျောင်းသား ကျောင်းသူများအနေဖြင့် အခွင့်အလမ်းများရရှိမည်မဟုတ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း အနီးဆုံးကျောင်းနှင့် ၉ မိုင် ကွာဝေးပါကြောင်း၊ ထို့ကြောင့် သတ်မှတ်ချက်များရှိသော်လည်း ဖြေလျှော့ပေးပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ချိန်တွင် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မကွေးတိုင်းဒေသကြီး ဆောမြို့နှင့် ချင်းပြည်နယ် ကန်ပက်လက်မြို့ထွက်ပေါက်လမ်းပေါ်နှင့် ဆောမြို့နယ် ကံကြီးရွာ-မင်းတပ်-မတူပီထွက်ပေါက်လမ်းပေါ်တို့တွင် ဝါးတားဂိတ်ပြုလုပ်၍ ခါတ်သတ္တုခွန်ကောက်ခံခြင်းဟုဆိုကာ မကွေးတိုင်းဒေသကြီးမှ ကန်ပက်လက်မြို့၊ မင်းတပ်မြို့အဝင်အထွက်ကားများအား မောင်းတံဂိတ်များ ဖွင့်လှစ်ကောက်ခံစစ်ဆေးခြင်းကို ရုပ်သိမ်းပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၏ **မောင်တောမြို့ (၄)မိုင်ရပ်ကွက်သို့ မြကန်သာကန်တော်ကြီးမှ သောက်သုံးရေဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းကလည်းကောင်း၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ပေးခဲ့သော Type-C ယာယီကျောင်းဆောင်များအား အပြီးသတ်တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၏ **မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန် သတ်မှတ်ပေးထားသည့် ပညာရေးအသုံးစရိတ်များ စနစ်တကျသုံးစွဲစေရန်နှင့် ပြဋ္ဌာန်းသင်ရိုးညွှန်းတမ်းများကို ပုံနှိပ်စာအုပ်များရိုက်နှိပ်ဖြန့်ဝေမည့်အစား Digital Text များအဖြစ် ပြောင်းလဲဖြန့်ဝေသုံးစွဲနိုင်ရန် မူဝါဒအစီအမံများ စတင်ရေးဆွဲပြီး အဆင့်လိုက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

## မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ စွဲမြဲခိုင်မာအားကောင်းစွာ ရရှိစေရန်အတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် အထူးလိုအပ်

ထို့နောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းက **နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲစွာ ရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အခြေခံနှင့် အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မိမိတို့သည် ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ဒီမိုကရေစီစနစ် ပျက်သုဉ်းပြီးနောက် နှစ် ၅၀ ခန့်အကြာမှသာ သမိုင်းသင်ခန်းစာများကိုရယူ၍ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို တစ်ဖန်ပြန်လည်တည်ဆောက်နေရသောကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများစွာကို ကြုံတွေ့နေကြရသဖြင့် ထပ်မံ၍ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မှ ဆန့်ကျင်သွေဖည်ပြောင်းလဲမသွားစေရန် မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ စွဲမြဲခိုင်မာအားကောင်းစွာ ရရှိစေရန်အတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် အထူးလိုအပ်လျက်ရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အခြေခံနှင့် အဆင့်မြင့်ပညာသင်ကျောင်းများတွင် ဝါ၊ စိမ်း၊ နီ၊ ပြာ သို့မဟုတ် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗိုလ်တေဇ (သို့မဟုတ်) အောင်ဆန်း စသည်ဖြင့် အသင်းအဖွဲ့(၄)ဖွဲ့ကို စုဖွဲ့ပြီး အတန်းအလိုက် အသင်းအဖွဲ့တစ်ဖွဲ့လျှင် ခေါင်းဆောင်တစ်ဦးစီကိုရွေးချယ်ပြီး တစ်ကျောင်းလုံးရှိ အတန်းလိုက်အသင်းအဖွဲ့ခေါင်းဆောင်များသည် မိမိ၏အသင်းအဖွဲ့အလိုက် စုဝေးပြီး အသင်းအဖွဲ့တစ်ဖွဲ့လျှင် ၃ ဦးစီကို ကျောင်းကောင်စီဝင်များအဖြစ် ရွေးချယ်ကာ ကျောင်းကောင်စီဝင်များ၏ လျှို့ဝှက်မဲဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ စသည်တို့ကို ရွေးချယ်ဆောင်ရွက်စေပြီး ကျောင်း၏အရေးကြီးတာဝန်အရပ်ရပ်ကိုဆောင်ရွက်ရာတွင် ကောင်စီဝင်များဆွေးနွေးတိုင်ပင်ပြီး သဘောထားကွဲလွဲမှုရှိပါက လျှို့ဝှက်ဆန္ဒမဲဖြင့် အများစု၏ဆန္ဒသဘောထားနှင့်အညီ လိုက်နာဆောင်ရွက်ရသည့် ဒီမိုကရေစီနည်းလမ်းကို သတ်မှတ်ရွေးချယ်ဆောင်ရွက်စေ၍ အဓိကတာဝန်ယူထားသည့် ကောင်စီဝင်အားလုံးက ကျောင်းသားထုတစ်ရပ်လုံးကို စည်းရုံး၍ ဒီမိုကရေစီနည်းကျ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပါက မျိုးဆက်သစ်လူငယ်များသည် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ပြောင်းလဲကျင့်သုံးနေသော ပညာရေးစနစ်သည် ဆရာဗဟိုပြုပညာရေးစနစ်မဟုတ်ဘဲ ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်၍ ကျောင်းသားကိုယ်တိုင် ဖွဲ့စည်းဆောင်ရွက်မည့်စနစ်သစ်ကို ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းကျတည်ဆောက်ရာတွင် ပိုမိုအကျိုးပြုမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းက အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်များအတိုင်း ထားရှိမည့်အချက် ၅၈ ချက်နှင့် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်က လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ၅၈ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း ထားရှိရန်တို့ကို တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့၏ သဘောထားရယူပြီး လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က သဘောကွဲလွဲသည့် အချက် ၅၈ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တင်ပြခဲ့သည့် အချက် ၅၈ ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

# တာပိန်မြစ်ကူးတံတား တည်ဆောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၏ **ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံ ဟော်လုံ (ဟော်နန်း) မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းထားသည့် မြေနေရာသည် ဌာနအမည်ပေါက် မြေလွှဲရရှိထားပြီး အဆိုပါ မြေပေါ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦးကို နှစ်(၇၀) နှစ်ရှည်ငှားရမ်းထားသော ဟိုတယ်များ ဆောက်လုပ်တည်ရှိနေပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် ဌာနက တရားဝင်အငှားချထားသည့် စာချုပ်များ သက်တမ်းကုန်ဆုံးခြင်း မရှိသေးပါသဖြင့် ယင်းစာချုပ်များ သက်တမ်းကုန်ဆုံးချိန်တွင် ပြည်သူပိုင်သိမ်း အဆောက်အအုံများကို မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ဆက်ခံသူများက ပြန်လည်လျှောက်ထားသည့် ကိစ္စများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ညွှန်ကြားချက်များနှင့်အညီ စဉ်းစားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဆမီးမြို့တွင်း မြို့ရှောင်လမ်းအား မူလလမ်းအကျယ် ၁၈ ပေမှ ၃၄ ပေ အကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်း ၁၈ ပေအကျယ်မှ ပေ ၅၀ အကျယ် တာချဲ့ခြင်းအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဆမီးမြို့တွင်း မြို့ရှောင်လမ်းအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် မူလလမ်းအကျယ် ၁၈ ပေမှ ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်၏ **ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ တာပိန်ချောင်းကို ဖြတ်၍ ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တာပိန်မြစ်ကူးတံတားသည် ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းအရှည်ပေ ၂၀၀၀ ခန့် တည်ဆောက်ရမည်ဖြစ်သည့်အတွက် လာမည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျွမ်းကျင်ပညာရှင်များဖြင့် တံတားတည်ဆောက်ရန်အတွက် Feasibility Study ကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်၏ နောက်ပိုင်းကာလများတွင် ရန်ပုံငွေများတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့် မြို့ရှောင်ကတ္တရာလမ်းအရှည် ၁ မိုင် ၇ ဖာလုံအား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် လမ်းနယ်ကျူးကျော် အဆောက်အအုံများကို စနစ်တကျဖယ်ရှားပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ထောက်ကြန့်မြို့ရှောင်လမ်းအား ၂၄ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းနှင့် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် စတုရန်းပေ ၂၀၀၀၀ အား ကတ္တရာကွန်ကရစ်ဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းနှင့် ကျောက်ကတ္တရာဖြင့် စတုရန်းပေ ၃၁၆၈၀ အား မျက်နှာပြင်ညှိလွှာခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ စတုရန်းပေ ၄၀၀၀ နှင့် စတုရန်းပေ ၅၇၆၀ တို့ လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

ထောက်ကြန့်မြို့ရှောင်လမ်း မိုင်တိုင်(၀/၀)မှ (၀/၄)အကြား လမ်းဘေးဝဲ/ ယာ ရှိ လမ်းနယ် ပေ ၃၀၀ တွင် ကျူးကျော်နေသည့် အဆောက်အအုံ ၄၄ လုံးအား ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ပထမအကြိမ်၊ ဒီဇင်ဘာ ၃ ရက်တွင် ဒုတိယအကြိမ် Notice စာ ပေးပို့ထားပြီးဖြစ်ပါကြောင်းနှင့် ဒီဇင်ဘာ ၂၄ ရက်တွင် ကျူးကျော်နေသူများအား တတိယအကြိမ် သတိပေးအကြောင်းကြားစာပေးပို့ပြီးဖြစ်၍ ဖယ်ရှားရှင်းလင်းပေးခြင်းမရှိပါက လမ်းမကြီးများဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းနယ်အတွင်း ကျူးကျော်ဝင်ရောက်မှုများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးပါက ထောက်ကြန့်မြို့ရှောင်လမ်းအား ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးတင်လတ်



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ
ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)
မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးသိန်းလွင်



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ် (၁၁)မှ ဒေါ်ထုမေ

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်း – တပ်တောင်လမ်းတွင် လမ်းချဲ့ရန် ကျန်ရှိနေသည့် ၂ မိုင် ၂ ဖာလုံနှင့် လမ်းခင်းရန် ကျန်ရှိနေသော ၂ မိုင် ၃ ဖာလုံ၊ လုပ်ငန်းကျန် Over Lay ၄ ဖာလုံအား လာမည့်ဘဏ္ဍာနှစ်တွင် အပြီးသတ်ဆောင်ရွက်ပေးရန်နှင့် အမ်းမြို့နယ်အတွင်း၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ လမ်းဦးစီးဌာနမှ နှစ်စဉ်ဘဏ္ဍာငွေ (ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာငွေ) မည်မျှသုံးစွဲခဲ့သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်အတွင်းရှိ အမ်း–တပ်တောင်လမ်း အရှည် ၂၁ မိုင် ၃ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း ၁၈ မိုင် ၄ ဖာလုံနှင့် ကျောက်ချောလမ်း ၂ မိုင် ၇ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ ၁ မိုင် ၄ ဒသမ ၅ ဖာလုံအား ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ ၁ မိုင်အား ပေ ၄၀ အကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ ၃ ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည်ပေ ၅၀ အထက် (တည်ဆောက်ဆဲ) တံတားလေးစင်းတို့ကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ (ငွေလုံးငွေရင်း/ ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေကျပ် ၁၁၃၈ ဒသမ ၂၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ၁ မိုင် ၂ ဒသမ ၅ ဖာလုံအား ပေ ၄၀ အကျယ် မြေသားတာပေါင်ချဲ့ခြင်းနှင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အမ်းမြို့နယ်အတွင်းရှိ မင်းဘူး–အမ်း–စစ်တွေလမ်း အရှည် ၆၄ မိုင် ၆ ဖာလုံ၊ အမ်း–တပ်တောင်လမ်း အရှည် ၂၁ မိုင် ၃ ဖာလုံ၊ အမ်း – ပဒဲကြော – မအီ လမ်းအရှည် ၃၆ မိုင် ၅ ဖာလုံ၊ ညောင်ချောင်း – တပ်တောင်လမ်းအရှည် ၇ မိုင်၊ အမ်းမြို့တွင်း လမ်းအရှည် ၁ မိုင် ၃ ဖာလုံနှင့် တပ်တောင်–ရှူး–တမန်းဒူး လမ်းအရှည် ၂၆ မိုင် ၁ ဖာလုံ စုစုပေါင်း လမ်းအရှည် ၁၅၇ မိုင် ၂ ဖာလုံသည် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများဖြစ်ပါကြောင်း။

## နှစ်စဉ် လမ်း၊ တံတားများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

အမ်းမြို့နယ်အတွင်းရှိ အဆိုပါ လမ်းပိုင်းများအတွက် ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၈ ဒသမ ၄၁၅ ဘီလီယံ စုစုပေါင်းရန်ပုံငွေကျပ် ၃၅ ဒသမ ၉၁၅ ဘီလီယံရရှိခဲ့ပြီး မြေစီခင်းခြင်း ၃ ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း ၆ ဖာလုံ၊ ကတ္တရာလမ်းခင်းခြင်း ၁၃ မိုင်၊ ၁၈ ပေနှင့်အထက် ကတ္တရာလမ်းချဲ့ခြင်း ၁၀ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ကျောက်ချောလမ်းနှင့် အမာခံလမ်းခင်းခြင်း ၁၈ မိုင် ၁ ဒသမ ၅ ဖာလုံ၊ မြေသားတာပေါင်တည်ဆောက်ခြင်း ၄၂ မိုင် ၇ ဒသမ ၅ ဖာလုံ၊ မြေထိန်းနံရံတည်ဆောက်ခြင်း ပေ ၆၇၆၀၊ ပေ ၁၈၀ အောက် တည်ဆောက်ပြီးတံတား ၆၄ စင်းနှင့် တည်ဆောက်ဆဲတံတားသုံးစင်း၊ ပေ ၁၈၀ အထက် တည်ဆောက်ပြီး တံတားတစ်စင်းနှင့် တည်ဆောက်ဆဲတံတားနှစ်စင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နှစ်စဉ် လမ်း၊ တံတားများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝ– အဘောင်သား– ခဝဲ ကားလမ်းပေါ်ရှိ ရပ်ချောင်းကြိုးတံတားဟောင်းအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ရပ်ချောင်းကြိုးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့် (၃) လမ်းပေါ်တွင် တည်ရှိသော တံတားဖြစ်သည့်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နောက်ပိုင်းကာလများတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း(သတင်းစဉ်)**

❂ ၂၀၂၀ မှ

တမ်ပနိစ်ရိုဗာ(စင်ကာပူ)၊ ကာယာ(ဖိလစ်ပိုင်)၊ ရှမ်းယူနိုက်တက်(မြန်မာ)နှင့် မာကာဆာ (အင်ဒိုနီးရှား)တို့ ပါဝင်နေသည်။

အုပ်စုပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်မှ မေ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်နှစ်သင်းစလုံးမှာမူ အိမ်ကွင်းအဖြစ် သုဝဏ္ဏကွင်းကို အသုံးပြုမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)နှင့် အဝေးကွင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် လာအိုတိုယိုတာ (လာအို) နှင့် အိမ်ကွင်း၊ မတ် ၁၀ ရက်တွင် ဟောင်အန် (စင်ကာပူ) နှင့် အိမ်ကွင်း၊ ဧပြီ ၁၅ ရက်တွင် ဟောင်အန် (စင်ကာပူ) နှင့် အဝေးကွင်း၊ ဧပြီ ၂၉ ရက်တွင် ဟိုချီမင်းစီးတီး(ဗီယက်နမ်)နှင့် အိမ်ကွင်း၊ မေ ၁၃ ရက်တွင် လာအိုတိုယိုတာ (လာအို)နှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကာယာ (ဖိလစ်ပိုင်)နှင့် အိမ်ကွင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် မာကာဆာ (အင်ဒိုနီးရှား)နှင့် အဝေးကွင်း၊ မတ် ၁၀ ရက်တွင် တမ်ပနိရိုဗာ (စင်ကာပူ)နှင့် အဝေးကွင်း၊ ဧပြီ ၁၅ ရက်တွင် တမ်ပနိရိုဗာ (စင်ကာပူ)နှင့် အိမ်ကွင်း၊ ဧပြီ ၂၈ ရက်တွင် ကာယာ (ဖိလစ်ပိုင်)နှင့် အဝေးကွင်း၊ မေ ၁၂ရက်တွင် မာကာဆာ (အင်ဒိုနီးရှား)နှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ **သတင်း–ရှိုင်းထက်ဇော်၊ဓာတ်ပုံ–ဘုန်းသော်**

❍ **မြန်မာအမျိုးသမီးအသင်းမှ**

မြန်မာအမျိုးသမီးအသင်းသည် မြဖူးငုံ **(ဂိုး)**၊ အိရတနာဖြိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ခိုင်သဇင်၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ နုနု၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ ရီရီဦးတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ပေးဂိုးများသွားသောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပွဲအစလေးမိနစ်မှာပင် ဂိုးပေးလိုက်ရသောကြောင့် ပိုမိုရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းပွဲမှာ ခြေစစ်ပွဲတက်ရောက်ခွင့်အတွက် အဆုံးအဖြတ်ပွဲလည်းဖြစ်သည်။ မြန်မာအသင်းပါဝင်သည့်အုပ်စု (က) တွင် သုံးသင်းသာပါဝင်သည်။ **သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – စိုးညွန့်**

# 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီအစည်းအဝေး ပထမအကြိမ် ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဗဟိုကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ပူးတွဲဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ ဦးဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ် သုံးခုတို့၏ အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယနေ့အစည်းအဝေးတွင် ဗဟိုကော်မတီအတွက် ချမှတ်ထားသော လုပ်ငန်းတာဝန်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အခြေခံ၍ ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များအား ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြရန်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးမတိုင်မီ ကနဦးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်တွင် မိမိမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးအကြံပြုချက်များအရ ဗဟိုကော်မတီအနေဖြင့် ပြီးခဲ့သည့် နှစ်ရက်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြောကြားလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့မှုအရ သော်လည်းကောင်း၊ လတ်တလောအခြေအနေများအရ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု အထူးစိုးရိမ်ဖွယ်ရာအခြေအနေသို့ရောက်ရှိလာပြီး မြန်မာပြည်သူပြည်သားများ၏ ကျန်းမာရေးအတွက် ယင်းကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသွားများအား ဆိုက်ရောက်ဗီဇာ(Visa on Arrival) ထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ယာယီရပ်ဆိုင်းထားရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဝူဟန်မြို့၌ ပိတ်မိနေသော မြန်မာပညာသင် ၆၃ ဦးအနက် ၅၉ ဦးကိုလည်း ဖေဖော်ဝါရီ ၂ ရက်တွင် ဝူဟန်မြို့မှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သော ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးတို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများကို ဆောင်ရွက်ပေးလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့တော်ဝန်တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ခရီးစဉ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ကျောင်းသားမိဘများနှင့် ပြည်သူပြည်သားများ၏ စိုးရိမ်သောကများကို လျော့နည်းစေသည်သာမက ပြည်ပရောက် မိမိနိုင်ငံသားများ၏ အကျိုးကို အလေးအနက်ထား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်ဆိုသည့် ပုံရိပ်ကောင်းကို နိုင်ငံတကာမျက်နှာစာတွင် မှတ်ကျောက်တင်လိုက်ခြင်းပင် ဖြစ်ပါကြောင်း ပြောကြားသည်။

## ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ဆောင်ရွက်လျက်ရှိ

ထို့နောက် ဗဟိုကော်မတီပူးတွဲဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက 2019–nCoV အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်ကြောင့် ဖြစ်ပွားသည်ဖြစ်၍ ရောဂါဖြစ်ပေါ်ပြောင်းလဲမှု သဘောသဘာဝဖြစ်စဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆက်လက်လေ့လာလျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဤရောဂါဖြစ်ပွားပျံ့နှံ့နေမှုသည် နေ့စဉ်ဆက်လက်မြင့်မားနေပြီး အခြားနိုင်ငံများသို့လည်း ကူးစက်ပျံ့နှံ့နေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ဝန်ကြီးဌာနများအကြား စနစ်တကျ ချိန်သားကိုက်ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု (Systematic and Synchronized Coordination and Collaboration) များ ကောင်းမွန်စွာဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများအကြား ဆက်သွယ်မှုလမ်းကြောင်းကို တိကျရှင်းလင်းပြတ်သားစွာ ချမှတ်ဆောင်ရွက်ရန်လည်း အထူးအရေးကြီးပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်များ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် ကိုယ်ခန္ဓာအပူချိန်တိုင်းကိရိယာများအသုံးပြု၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဟိုတယ်များနှင့် တည်းခိုခန်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလမ်းညွှန်များ၊ အငှားကား၊ ဘတ်(စ်)ကားနှင့် အဝေးပြေးယာဉ်မောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များအနေဖြင့် နိုင်ငံတကာခရီးသည်များတွင် ရောဂါဖြစ်ပွားမှုသံသယရောဂါလက္ခဏာများတွေ့ရှိရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကို တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း တယ်လီဖုန်းဖြင့် အကြောင်းကြားပေးရန်မှာ အရေးကြီးပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဤရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာများ၊ အသိပေးနှိုးဆော်မှုများကို ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဝင်၊ ထွက်ပေါက်များတစ်လျှောက်ရှိနေသည့်မြို့များမှ ပြည်သူများ အဆိုပါကျန်းမာရေးအသိပညာဗဟုသုတများရရှိစေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများက အထူးကိစ္စရပ်အနေဖြင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း။

လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ဖြန့်ဝေနေမှုများအား ခြေဖျက်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) မှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ရောဂါနှင့်ပတ်သက်သည့်အကြောင်းအရာ၊ သတင်းအချက်အလက်များကို ပုံမှန်ကြည့်ရှုစေလိုပြီး ကောလာဟလသတင်းတုများကို မိမိတို့ဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများနှင့် တိုက်ဆိုင်စိစစ်စေလိုပါကြောင်း၊ အထူးသဖြင့် နယ်စပ်ဝင်၊ ထွက်ပေါက် ကုန်းလမ်းမှဝင်ရောက်လာသူများကို ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဝေဘာဂီအထူးကုဆေးရုံတို့တွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို သွားရောက်ကြည့်ရှုခဲ့ရာ ကျေနပ်ဖွယ်ရှိပါကြောင်း။

## အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်း၊ သံသယလူနာများအား စောစီးစွာထောက်လှမ်းခြင်း၊ သံသယလူနာ/ အတည်ပြုလူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင်ထားရှိကုသမှုပေးခြင်း၊ သံသယလူနာ/ လူနာနှင့်အနီးကပ် ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းတို့ကို လုပ်ဆောင်ရန် တိုက်တွန်းခဲ့ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှုအား အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် မကြေညာမီကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ယခုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လစ်ဟင်းမှုမရှိဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်အတွက် ဗဟိုအဆင့် အစည်းအဝေးကို နေ့စဉ်ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ရောဂါဖြစ်ပွားမှုသတင်းများကို ပြည်သူလူထုမှ သတင်းပေးပို့နိုင်ရန်အတွက် Hotline ထားရှိ သတင်းရယူမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဟိုတယ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ ဝန်ထမ်းများအား ကျန်းမာရေးပညာပေးနိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဝူဟန်မြို့မှ ပြန်လည်ရောက်ရှိလာသော မြန်မာပညာတော်သင်များ၊ အနီးကပ်ထိတွေ့ခဲ့သူ ကျန်းမာရေးဝန်ထမ်းများ၊ လေယာဉ်မှူးအဖွဲ့များနှင့် လေယာဉ်အမှုထမ်းများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လိုအပ်သော ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ဆေးနှင့် ဆေးပစ္စည်းများ စုစည်းထားရှိမှု၊ စောင့်ကြည့်လူနာများအား ဆေးကုသခြင်းနှင့် ၎င်းတို့ထံတွင် ရောဂါဖြစ်ပွားလာပါက ရောဂါဆက်လက်ပြန့်ပွားမှု မရှိစေရေးအတွက် ရောဂါပိုးထိန်းချုပ်မှု၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှု၊ သံသယလူနာတွေ့ရှိပါက သီးခြားထားရှိ ကုသမှုပေးနိုင်ရန် ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီး၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးတို့အား ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးအသိပညာပေးခြင်းများအား ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများတွင် ဝန်ကြီးဌာနအချင်းချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်များတွင် သက်ဆိုင်ရာဌာနများ အချင်းချင်းသော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များ တည်းခိုသည့် ဟိုတယ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက သတင်းပေးပို့ခြင်း၊ ညွှန်းပို့ကုသမှုပေးခြင်းနှင့် ဟိုတယ်ဝန်ထမ်းများနှင့် မိသားစုများသို့ ရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူလူထုနှင့် ခရီးသွားဧည့်သည်များအား အသိပညာပေးရေး၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် မီဒီယာများမှ တိကျမှန်ကန်သော သတင်းများအား အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရေးဆောင်ရွက်နေမှုများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ နယ်စပ်ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရောဂါကာကွယ်ကုသရန်လိုအပ်သော ဆေးနှင့် ဆေးပစ္စည်း (Personal Protective Equipment and Masks များအပါအဝင်) ခေတ်ခွဲခန်းသုံးပစ္စည်းများကို တင်သွင်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ စသည်တို့အပေါ် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိဂုံးချုပ်စကားပြောကြားရာတွင် 2019 Novel Coronavirus ပြင်းထန်အဆုတ်ရောင်ရောဂါ ဆက်လက်မပြန့်ပွားစေရေးနှင့် ရောဂါထိန်းချုပ်ရေးအတွက် တရုတ်နိုင်ငံအစိုးရ၏ ဆောင်ရွက်မှုအစီအမံများအား အသိအမှတ်ပြုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရောဂါပြန့်ပွားမှုကို ပြန်လည်တုံ့ပြန်ရာတွင် အားနည်းမှုရှိပြီး ထိခိုက်နိုင်ခြေများသည့် နိုင်ငံများအတွက် စိုးရိမ်ပူပန်သောကြောင့် ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်မှုတွင် ခရီးသွားလာမှု၊ ကုန်သွယ်မှုများကို မလိုအပ်ဘဲ ကန့်သတ်ခြင်းမပြုရန်နှင့် အဓိကအားဖြင့် ရောဂါထိန်းချုပ်ရေးကို ဆောင်ရွက်ရန်တိုက်တွန်းထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် International Civil Aviation Organization (ICAO) တို့၏ စည်းမျဉ်းစည်းကမ်းများ၊ နှစ်နိုင်ငံချစ်ကြည်ရေး၊ မြန်မာနိုင်ငံ ပြည်သူပြည်သားများ၏ ကျန်းမာရေးအတွက် ယင်းကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်ရန် အစရှိသည်တို့ကို ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်၍ ဟန်ချက်ညီမျှသည့် တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**



**2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမှာစကားပြောကြားစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေဗိမာန် စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ စာပေဗိမာန်မှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာတည်းအဖွဲ့ဝင်များ အရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ရေး၊ စာတည်းအဖွဲ့ဝင်များ သိသင့်သိထိုက်သည်များ သိရှိနိုင်ရန်အတွက် စာအုပ်ကောင်းများ ရွေးချယ်ဝယ်ယူပြီး လှည့်လည်ဖတ်ရှုသည့်ပုံစံဖြင့် လုပ်ငန်းခွင်လေ့ကျင့်ရေး၊ အင်္ဂလိပ်စာကို ထိရောက်အောင် ပိုမိုအားထုတ်လေ့လာပြီး နိုင်ငံတကာစာပေများ တိုးတက်ဖတ်ရှုနိုင်အောင် ကြိုးစားလုပ်ဆောင်ရေး၊ သတင်းမီဒီယာအကြောင်း သိနားလည်ခြင်း(MIL)၊ သတင်းအချက်အလက် စစ်ဆေးခြင်း(Fact Check) စသည်တို့ကို သိရှိနားလည်ပြီး လုပ်ငန်းများလွယ်ကူလျင်မြန်စွာ လုပ်ဆောင်နိုင်ရေး၊ လုပ်ငန်းများကြန့်ကြာမှုမရှိစေဘဲ အရည်အသွေး ပြည့်ဝသည့် စာအုပ်ကောင်းများ ထုတ်ဝေနိုင်ရေး၊ အလုပ်တာဝန်များ တိုးချဲ့လုပ်ကိုင်ရခြင်းအပေါ် လုပ်ဆောင်ခွင့်ရခြင်းဟု ကောင်းမွန်သည့်ခံယူချက်ဖြင့် လုပ်ဆောင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စာပေဗိမာန်မှ စာတည်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စာပေဗိမာန်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေ၊ စာပေဗိမာန်မှ ဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဆက်လက်ထုတ်ဝေရေး၊ ရွှေသွေးဂျာနယ်ထုတ်ဝေရေး၊ စာအုပ်အသင်းဝင်တိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ပေးသည်။



စာပေဗိမာန်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်မှစတင်၍ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" (Light, where Darkness was) ဆောင်ပုဒ်ဖြင့် ပြည်သူလူထု အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စာပေထုတ်ဝေရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ စာပေဗိမာန် လေးထပ်အဆောက်အဦကို အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး စာအုပ်အရောင်းဆိုင် အပါအဝင် ရည်ညွှန်းစာကြည့်တိုက်၊ e-Library၊ ကလေးစာကြည့်တိုက်တို့ဖြင့် ဖွဲ့စည်းကာ ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဗီယက်နမ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပြည်ပနိုင်ငံငါးနိုင်ငံသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဂျာမနီ၊ ဩစတြေးလျ၊ ဘရာဇီး၊ တောင်အာဖရိကနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ကူမင်းမြို့)များသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီးပွားရေးသံမှူးငါးဦးနှင့် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ သစ်နှင့်သစ်တောထွက်ပစ္စည်း နိုင်ငံတကာကုန်သွယ်မှု၊ သစ်တင်ပို့ရောင်းချရာတွင် ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှုဖြင့် ထုတ်လုပ်သည့်သစ်ဖြစ်ကြောင်း ထောက်ခံချက်ပေးရန်နှင့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန်အတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် အစိတ်အပိုင်းများ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုထိန်းချုပ်ရေးဆိုင်ရာ အစီအမံများ၊ သစ်၊ ရွှေနှင့် အခြားသတ္တုများ တင်သွင်းခြင်းဆိုင်ရာမူဝါဒများ၊ သစ်တောကဏ္ဍ၊ ပုလဲအပါအဝင် သတ္တုကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများနှင့် ခွင့်ပြုလုပ်ငန်း အမျိုးအစားများ၊ စွန့်ပစ်ပစ္စည်းဆိုင်ရာတားမြစ်ချက်များ၊ ပြန်လည်ပြုပြင်ထားသည့် ပလတ်စတစ်ပစ္စည်း တင်သွင်းခြင်းနှင့် ပတ်သက်၍ ဆက်နွယ်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နိုင်ငံငါးနိုင်ငံနှင့် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာကဏ္ဍ၊ သတ္တုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်း အပတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်သာယာ) သင်တန်းခန်းမ၌ ကျင်းပသည်။

ပေါင်မုန့်နှင့် ကိတ်မုန့်ဖုတ်သင်တန်း၊ အနောက်တိုင်းနှင့် အရှေ့တိုင်းအစားအစာ အချက်အပြုတ်သင်တန်း၊ ကော်ဖီနှင့် ဖျော်ရည်သင်တန်းများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ ပူးပေါင်းဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသည် တတိယအကြိမ်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၉ ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ သင်တန်းတွင် သီအိုရီနှင့် လက်တွေ့ သုံးလနှင့် လုပ်ငန်းခွင်လက်တွေ့တစ်လ စုစုပေါင်း လေးလ ကြာမြင့်ခဲ့ကြောင်း သိရသည်။

အောင်သူရ

# ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်သော ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲသူ အထူးများပြားနေသည်ကို တွေ့ရသည့်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ နွေရာသီကျောင်းပိတ်ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အမျိုးသားရေးအသွင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

**နှစ်စဉ်မြင့်မားလာ**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် သုံးစွဲသူအရေအတွက်သည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် နှစ်စဉ်မြင့်မားလာသည်ကို တွေ့ရှိရပါကြောင်း။

ဤမူးယစ်ဆေးဝါးအန္တရာယ်၊ ပြဿနာကိုဖြေရှင်းရန် အခြေအနေကို ဘက်စုံထောင့်စုံမှ သုံးသပ်ရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ အခြားနီးနွယ်ဝန်ကြီးဌာနပေါင်းစုံနှင့် ပြည်သူများ ပါဝင်မှ ရမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများပါဝင်ရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို တက္ကသိုလ်အဆင့်နှင့် အခြေခံပညာကျောင်းများ အဆင့်ခွဲခြား၍ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**သုံးစွဲမှုမပြုစေရေး**

ထို့အပြင် ကျောင်းသားများသည် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိရုံ၊ ဗဟုသုတရရှိသွားရုံသာမက လက်တွေ့လိုက်နာပြီး သုံးစွဲမှုမပြုစေရေး မည်သို့ဆောင်ရွက်မည်ကိုလည်း စဉ်းစားရမည်ဖြစ်ပါကြောင်း။

မည်သို့ လုပ်သင့်သည်ကို မိမိတို့ဝန်ကြီးဌာနနှစ်ခုမှ တာဝန်ရှိသူများ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်၍



သေချာစွာ ဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ စီမံချက်အသွင်ဖြင့် ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာနိုင်ငံအတွက် အမျိုးသားရေး အရေးပေါ်အခြေအနေတစ်ခုအသွင် ဖြစ်နေသည်ဟု မိမိအနေဖြင့် ခံယူထားပါကြောင်း။

**များစွာခက်ခဲ**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းသည် အခြားမကူးစက်တတ်သောရောဂါနှင့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် များစွာခက်ခဲပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲပါက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးပြဿနာ အခက်အခဲ မကောင်းသည့်အကျိုးဆက်များစွာဖြစ်ပွားပြီး လူညွှန့်တုံးမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်ကို ယခုအချိန်တွင် ထိရောက်စွာ စီမံဆောင်ရွက်ခြင်းမရှိပါက မိမိတို့နိုင်ငံသည် မကြာမီ ကြီးမားသောအန္တရာယ်ကို ရင်ဆိုင်ခံစားရမည်ဖြစ်ပါကြောင်း။

ကျောင်းအခြေပြု မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အမျိုးသားရေးအသွင်လှုပ်ရှားမှုတွင် ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများသည် အဓိကအခန်းကဏ္ဍမှ ဦးဆောင် ဆောင်ရွက်ပေးပါရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ အစည်းအဝေးသည် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့၏ အမျိုးသားရေးဦးတည်ချက်များတွင် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေးဟူ၍ဖော်ပြထားပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ အမျိုးသားအဆင့်ဆောင်ရွက်ရာတွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း၊ လုပ်အားပေးဆောင်ရွက်မည့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ အမည်စာရင်းများ အချိန်မီပြုစုရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို ကျောင်းအခြေပြု၊ တက္ကသိုလ်များအခြေပြု၊ လူမှုအဖွဲ့အစည်းအခြေပြုလျက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ကာ လက်တွေ့ကျကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

မိမိတို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် လုံခြုံဘေးကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းသော အရည်အသွေးကောင်းမွန်သည့် သင်ယူမှုဝန်းကျင်ကောင်းဖြစ်အောင်ဖန်တီးဆောင်ရွက်၍ ၂၁ ရာစု စွမ်းဆောင်ရည်နှင့် လိုက်လျောညီထွေသည့် ကျွမ်းကျင်မှု၊ အရည်အသွေးများနှင့် ပြည့်စုံသော မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ ပြုစုပျိုးထောင်မွေးထုတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်ကြရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအားလုံးက ညီညီညွတ်ညွတ် မိသားစုစိတ်ဓာတ်ဖြင့် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ဆက်လက်၍ NASA မှ ပညာရှင် ဒေါက်တာပဒေသာတင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဟောပြောပို့ချပြီး ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက မိမိတို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက် ပါဝါပွိုင့်များဖြင့် အသီးသီးတင်ပြကြပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၆၈ ကျောင်းမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း(၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း၌ ကျင်းပသည်။

**လျင်မြန်စွာဖြန့်ဖြူး**

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုသင်တန်းသည် ၂၀၂၀ ပြည့်နှစ်၏ ပထမဆုံးသင်တန်းဖြစ်ပြီး သင်တန်းရည်ရွယ်ချက်များနှင့် ပို့ချမည့်သင်ခန်းစာများသည် ယနေ့ခေတ်၏ မီဒီယာဆိုင်ရာလိုအပ်ချက်များကို အထောက်အကူပြုသည့်အတွက် ကောင်းမွန်ပါကြောင်း၊ ဝန်ကြီးဌာန၏ တာဝန်များမှာ ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဖြစ်ပြီး ပြည်သူများသို့ ပြန်ကြားပေးရန်တာဝန်သည် များစွာအရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာပေးနိုင်ရန်အတွက် နေ့စဉ်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာစောင့်ကြည့်ရမည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ မှန်ကန်သည့်သတင်းအချက်အလက်များကို ပြည်သူများသိရှိအောင် လျင်မြန်စွာဖြန့်ဖြူးပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ယခုသင်တန်းတွင် ဌာနဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများအပြင် စာကြည့်တိုက်လုပ်ငန်းနှင့် Media Information ဆိုင်ရာများပါဝင်၍ သင်တန်းမှ ပို့ချပေးမှုများကို သင်တန်းသားများက သေချာလေ့လာသင်ယူကြရန် လိုအပ်ကြောင်း။

**ပြန်လည်မျှဝေရမည်**

သင်တန်းသားများအနေဖြင့် သင်ခန်းစာများကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူကြရန် လိုအပ်ပြီး တာဝန်ကျရာ နေရာများသို့ ရောက်ရှိပါက ယခုသင်တန်းမှ သင်ခန်းစာများကို ပြန်လည်အသုံးချကြရမည့်အပြင် သင်တန်းမတက်ရသေးသည့် ဝန်ထမ်းများအား ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ရည်မှန်းချက်များနှင့် ဦးစီးဌာန၏ လုပ်ငန်းများကို စွမ်းဆောင်ရည်မြင့်မားစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ကျွမ်းကျင်သည့်ဝန်ထမ်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ယနေ့ဖွင့်လှစ်သည့်သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်ဦးစီးမှူးအဆင့် သင်တန်းသား သင်တန်းသူ ၃၅ ဦးက ဖေဖော်ဝါရီ ၂၈ ရက်ထိ တက်ရောက်ကြမည်ဖြစ်သည်။ **သတင်းစဉ်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာနှင့် သိန်းတန်ကျေးရွာ၌ ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာအတွင်းသို့ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် AA အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ရွာသား နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ သိန်းတန်ကျေးရွာရှိ အမျိုးသမီးများအား အကြမ်းဖက်မှုကျူးလွန်ရန် လုပ်ဆောင်ခဲ့ပြီး ကျေးရွာအား ခြိမ်းခြောက်ခဲ့မှု ဖြစ်စဉ်နှင့်ပတ်သက်၍ လည်းကောင်း သက်သေအထောက်အထား ဗီဒီယိုမှတ်တမ်းများ၊ ဓာတ်ပုံများ၊ ဖြစ်စဉ်နေရာပြမြေပုံများဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနအသီးသီးတို့က သိရှိလိုသည်များကို မေးမြန်းရာ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေး အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရန် ကွင်းဆင်းညှိနှိုင်း

**ကျောက်ဖြူ ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ပြည်တွင်း နေရပ်စွန့်ခွာသူများ၏ စခန်းများကို ပိတ်သိမ်းနိုင်ရန်နှင့် လက်ရှိဆောင်ရွက်မည့် ကျောက်ဖြူ ကျောက်တစ်လုံးယာယီခိုလှုံရာစခန်းကို အောင်မြင်စွာပိတ်သိမ်းနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းက ကျောက်ဖြူမြို့သို့ ကွင်းဆင်းကြည့်ရှုညှိနှိုင်းခြင်းများ ဆောင်ရွက်ကြသည်။



ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဦးစိုးအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ UEHRD လုပ်ငန်းအဖွဲ့များမှ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပညာရှင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးက ကျောက်ဖြူဒေသ၏ အခြေအနေ၊ ကျောက်ဖြူ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်း၏ လက်ရှိအခြေအနေ၊ ပြန်လည်နေရာချထားရန် လျာထားသည့် မြေနေရာ အနေအထားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများ၊ အလေးထားဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ပြန်လည်နေရာချထားမည့် လျာထားမြေနေရာ အခြေအနေ၊ ရေထုတ်ပြွန်နှစ်လုံးနှင့် ရေငန်တားတာပေါင် ဆည်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်းရှိ ကော်မတီအဖွဲ့ဝင်များ၊ ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကြိုးပမ်းလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ နေရာတစ်နေရာတွင် မငြိမ်းချမ်းပါက တစ်နိုင်ငံလုံးငြိမ်းချမ်းသည်ဟု မဆိုနိုင်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဆက်စပ်နေပါကြောင်း၊ မိမိတို့စတင်တာဝန်ယူစဉ်ကပင် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစသည့် လုပ်ငန်းကော်မတီလေးခုဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**တည်ငြိမ်အေးချမ်းမှုကို ရှေးရှု**

အဆိုပါလုပ်ငန်းများကို အစိုးရတစ်ခုတည်းကဆောင်ရွက်၍ မရနိုင်ပါသဖြင့် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သောကိစ္စများကြောင့် လုပ်ငန်းဆောင်ရွက်ချက်များတွင် နှောင့်နှေးမှုများကြုံတွေ့ခဲ့ရပါကြောင်း၊ ယာယီခိုလှုံရာစခန်းများသည် ယာယီသာဖြစ်သင့်ပြီး ကာလကြာရှည်ပါက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်မှုများသည် ရေရှည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုသဟဇာတဖြစ်ရေးကို ဦးတည်လျက်ရှိရာ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာများဖြင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယခုအခါ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများကို ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ဖော်ဆောင်ပြီးဖြစ်ရာ လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် အကောင်းဆုံးမျှော်မှန်း၍ ညှိနှိုင်းဆောင်ရွက်မှုများမှ ရရှိလာသည့် အကောင်းဆုံးအဖြေများကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ဆောင်ရွက်ကြရာတွင် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်းအတွင်း၌ နေထိုင်လျက်ရှိကြသော ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးနှင့် စခန်းပိတ်သိမ်းရေးဆိုင်ရာလုပ်ငန်းများတွင် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စခန်းရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများက ပညာသင်ကြားရေး၊ စားဝတ်နေရေး၊ လွတ်လပ်စွာသွားလာခွင့်နှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြည့်ဆည်းပေးလိုသည့် အချက်များကို ဆွေးနွေးပြောကြားကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်ဖြူမြို့နယ်ရှိ ဒေသခံမြို့မိမြို့ဖများ၊ ကျောက်ဖြူ ကျောက်တစ်လုံးယာယီစခန်းရှိ စခန်းတာဝန်ခံနှင့် ကိုယ်စားလှယ်များကို တွေ့ဆုံ၍ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ သဘောထားအမြင်များကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် ကျောက်ဖြူမြို့နယ်ဒေသခံ မြို့မိမြို့ဖများက ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်းကို ပြန်လည် နေရာချထားပေးမည့် လျာထားမြေနေရာ အခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူ ကျောက်တစ်လုံးစခန်း၏ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ကျောက်ဖြူမြို့နယ် ဒေသခံမြို့မိမြို့ဖများ၏ သဘောထားများ၊ စခန်းတာဝန်ခံနှင့် ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားများကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ UEHRD ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်နိုင်ရန် ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကချင်အမျိုးသားပါတီ (Kachin National Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၃/၂၀၂၀)
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

**ကချင်အမျိုးသားပါတီ (Kachin National Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အေးချမ်းသာယာလမ်းသွယ်(၂)၊ နယ်မြေ(၇)၊ အိမ်အမှတ်(၁၈၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်အမျိုးသားပါတီ (Kachin National Party)** ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကချင်အမျိုးသားပါတီ (Kachin National Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၅) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# အီရန်နျူကလီးယားအရေးဆွေးနွေးရန် ဥရောပသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ် အီရန်သို့ သွားရောက်လည်ပတ်

**တီဟီရန် ဖေဖော်ဝါရီ ၃**

ဥရောပသမဂ္ဂ၏ ပြည်ပရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်ဘော်ရဲလ်သည် အီရန်အရာရှိများနှင့် ဆွေးနွေးရန်အတွက် အီရန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာဘားစ်မိုဆာဗီက ယနေ့ ပြောကြားသည်။

ဘော်ရဲလ်သည် အီရန်နျူကလီးယားအရေး၊ အီရန်နှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အီရန်သမ္မတ၊ အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် အီရန်လွှတ်တော်ဥက္ကဋ္ဌတို့ကို တွေ့ဆုံခဲ့ကြောင်း သိရသည်။

အထူးကိုယ်စားလှယ် ဘော်ရဲလ်၏ အရေးကြီးသော အီရန်ခရီးစဉ်သည် အီရန်နှင့် ဥရောပသမဂ္ဂအကြား အပြန်အလှန်နားလည်မှုကို ပိုမိုဖြစ်ထွန်းစေမည်ဖြစ်သကဲ့သို့ အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ အီရန်နှင့် အနောက်နိုင်ငံများအကြား အရှိန်မြင့်နေသော တင်းမာမှုများကိုလည်း လျော့နည်းစေလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ရာထူးတာဝန်စတင်ထမ်းဆောင်ခဲ့သည့် ဘော်ရဲလ်သည် အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍အီရန်နှင့်အနောက်နိုင်ငံတချို့အကြား အငြင်းပွားမှုအရှိန်မြင့်နေစဉ် အီရန်နိုင်ငံသို့ ပထမအကြိမ်မြောက်ခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဘော်ရဲလ်သည် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် နိုင်ငံစုံဆွေးနွေးပွဲတစ်ရပ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်နှင့် သီးသန့်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ဇာရစ်ဖ်က ဥရောပသမဂ္ဂအနေဖြင့် ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံအကြား နျူကလီးယားသဘောတူစာချုပ်အပေါ် ၎င်းတို့၏ ကတိကဝတ်ပြုမှုကို ပြီးပြည့်စုံအောင်ဆောင်ရွက်ရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်နှင့် ဥရောပသမဂ္ဂ၏ ပြည်ပရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်ဘော်ရဲလ်တို့ တွေ့ဆုံစဉ်။



တူရကီသမ္မတ အာဒိုဂန်

# တူရကီတပ်ဖွဲ့များ၏ တန်ပြန်ပစ်ခတ်မှုကြောင့် ဆီးရီးယားစစ်သည် ၃၀ မှ ၃၅ ဦးအထိ သေဆုံးဟု အာဒိုဂန် ပြောကြား

**အစ္စတန်ဘူ ဖေဖော်ဝါရီ ၃**

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ တူရကီတပ်ဖွဲ့စခန်းများအား ဆီးရီးယားအစိုးရတပ်ဖွဲ့များက အမြောက်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် တူရကီစစ်သည်လေးဦး သေဆုံးပြီးနောက် တူရကီတပ်ဖွဲ့များက လက်တုံ့ပြန်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်ဦးရေ ဒါဇင်နှင့်ချီ သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် တူရကီသမ္မတ အာဒိုဂန်က ပြောကြားသည်။

ယင်းဒေသတွင် တူရကီတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် ကနဦးရရှိသောအချက်အလက်များအရ ဆီးရီးယားတပ်ဖွဲ့ဝင်ဦးရေ ၃၀ မှ ၃၅ ဦးအထိ သေဆုံးသည်ဟု သိရှိရကြောင်း သမ္မတ အာဒိုဂန်က ယူကရိန်းနိုင်ငံသို့မထွက်ခွာမီ အစ္စတန်ဘူလေဆိပ်၌ သတင်းထောက်များအား ပြောကြားသည်။

ထိုစဉ်အတွင်း၌ပင် တူရကီတပ်ဖွဲ့များက ဖေဖော်ဝါရီ ၃ ရက်တွင် အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင် ခြောက်ဦးထက်မနည်း သေဆုံးသွားကြောင်းနှင့် ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်၌ ဆီးရီးယားအစိုးရတပ်ဖွဲ့များက လူအသေအပျောက်ရှိသည့် တိုက်ခိုက်မှုအတွက် တူရကီစစ်ဘက်မှ လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆီးရီးယားပြည်တွင်းစစ်စောင့်ကြည့်လေ့လာသည့်အဖွဲ့က ပြောကြားသည်။

ဆာရာကွက်စ်မြို့တောင်ဘက်ပိုင်းရှိ ဆီးရီးယားအစိုးရတပ်ဖွဲ့စခန်းများအား တူရကီ၏တိုက်ခိုက်မှုများ ရုတ်တရက်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခြားဆီးရီးယားစစ်သည် ၂၀ တို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း လန်ဒန်မြို့အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အီဒလစ်ပြည်နယ်အတွင်း၌ ဆီးရီးယားအစိုးရတပ်ဖွဲ့များက အမြောက်ဖြင့် ပစ်ခတ်မှုကြောင့် တူရကီစစ်သည်လေးဦးသေဆုံးခဲ့ရသည်ဟု တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီတပ်ဖွဲ့များနှင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုဖြစ်ပွားခြင်းသည် ဖြစ်တောင့်ဖြစ်ခဲသည့် ဖြစ်ရပ် ဖြစ်သည်။ တူရကီတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းတို့မှ ၎င်းတို့ထောက်ခံမှုပေးထားသည့် ဆီးရီးယားသူပုန်အုပ်စုများ၏ လက်ခံမှုဖြင့် အခြေစိုက်စခန်းများ ဖွင့်လှစ်တည်ရှိနေခြင်း ဖြစ်သည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဇော်ဝင်း

# အကျဉ်းထောင်မှ အကြမ်းဖက်သမားများ ပြန်လွှတ်ပေးရေးဆိုင်ရာစနစ်ကို ပြန်လည်သုံးသပ်ရန် အင်္ဂလန်အစိုးရ ကတိပြု

**လန်ဒန် ဖေဖော်ဝါရီ ၃**

လန်ဒန်တောင်ပိုင်းတွင် ဓားဖြင့် လူနှစ်ဦးအား ထိုးသတ်ခဲ့သူ အိုင်အက်စ်အကြမ်းဖက်သမားအား ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီးပြီးနောက် အကျဉ်းထောင်မှ အကြမ်းဖက်သမားများပြန်လွှတ်ပေးရေးဆိုင်ရာစနစ်ကို ပြန်လည်သုံးသပ်ရန် အင်္ဂလန်အစိုးရက ပြည်သူများအား ကတိပြုခဲ့သည်။ အသေခံဗုံးခွဲခါးပတ်အတုကို ဝတ်ဆင်ထားသော ဆူဒတ်အန်မန်အား စတေသန်လမ်းမကြီးပေါ်တွင် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့သည်။ ဆူဒတ်အန်မန်သည် အကြမ်းဖက်မှုဖြင့် ပြစ်ဒဏ်ကျခံနေရာမှ စောစီးစွာ လွတ်မြောက်ခဲ့သူဖြစ်သည်။ လွန်ခဲ့သောနှစ်လခန့်ကလည်း လန်ဒန်တံတားအနီးတွင် အကျဉ်းသားများအား ပြန်လည်ပြုပြင်ရေးဆိုင်ရာဟောပြောသည့် အခမ်းအနားတွင် တက်ရောက်နေသူနှစ်ဦးအား အကြမ်းဖက်သမားတစ်ဦးက ဓားဖြင့်ထိုးသဖြင့် ရဲက အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။

အထက်ပါအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အစိုးရက အကြမ်းဖက်ပြစ်မှုများအပေါ် ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခြင်းနှင့် အကြမ်းဖက်မှုကာကွယ်ရေးရဲတပ်ဖွဲ့အား ဘတ်ဂျက်ငွေတိုးမြှင့်ခွင့်ပြုခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က "အကြမ်းဖက်သမားများ ပြန်လွှတ်ပေးရေးဆိုင်ရာစနစ်နဲ့ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့အနေနဲ့ တင်ပြသွားဖို့ရှိပါတယ်" ဟု ပြောကြားခဲ့သည်။ လက်ထောက်ရဲတပ်ဖွဲ့မှူး လူစီဒီအော်ဆီက ယခုလန်ဒန်တောင်ပိုင်းတွင် ဓားဖြင့် လူနှစ်ဦးအား ထိုးသတ်ခဲ့သူ ဆူဒတ်အန်မန်သည် ၂၀၁၈ ခုနှစ် မေလတွင် အကြမ်းဖက်မှုကျူးလွန်ရန်ကြံစည်မှုဖြင့် ဖမ်းဆီးခံရသည်ဟု ပြောကြားသည်။

ယခုဖြစ်ရပ်တွင် မျက်မြင်သက်သေ၏အဆိုအရ ဓာတ်ငွေ့ဘူးပါဝင်သော ခါးပတ်ကိုဝတ်ဆင်ထားပြီး ပုဆိန်ကိုင်ဆောင်ထားသူသည် ၎င်းအား ရဲများက သေနတ်နှင့် မပစ်ခတ်မီ ထွက်ပြေးသော်လည်း ရဲများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ယခုဖြစ်ရပ်တွင် အကြမ်းဖက်သမား၏ တိုက်ခိုက်မှုကြောင့် အသက် ၄၀ ခန့်ရှိ အမျိုးသားတစ်ဦးမှာ အသက်အန္တရာယ်ရှိနိုင်သောအဆင့်အထိ ဒဏ်ရာရခဲ့သော်လည်း နောက်ပိုင်းတွင် အခြေအနေပြန်လည်ကောင်းမွန်ခဲ့သည်ဟု သိရသည်။ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များအား အချိန်မီဆောင်ရွက်စေမှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ



မှုခင်းရဲတပ်ဖွဲ့ဝင်များ စတေသန်လမ်းမကြီးပေါ်တွင် ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။

VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

အလုပ်အကိုင်ကောင်းများစွာက သင့်ကိုစောင့်ကြိုနေပါသည်။

www.vacjobsearch.com

MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ၊ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်။

Email : cv@vacjobsearch.com Ph : 01-8395921,01-8395922, 09-5102094, 09-73022727

# ထရမ့်၏ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစည်းအဝေးပြုလုပ်မည်


ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ် အာရပ်အဖွဲ့ချုပ် အစည်းအဝေး၌ အမေရိကန်က အဆိုပြုထားသည့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးစဉ်။

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၃**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အမေရိကန်က အဆိုပြုထားသည့် အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးအစီအစဉ်ကို ဆွေးနွေးရန် ဖေဖော်ဝါရီ ၁၀ ရက်တွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ရန် စီစဉ်ထားကြောင်း သံတမန်ရေးဆိုင်ရာ သတင်းရပ်ကွက်များက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်နှင့် ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ် ဒန်နီဒါနွန်တို့ တက်ရောက်မည်ဖြစ်ကြောင်း၊ အမေရိကန်က ပါလက်စတိုင်းတို့၏ဆုံးဖြတ်ချက်ကို ဗီတိုအာဏာသုံးလာဖွယ်ရှိစေကာမူ ပါလက်စတိုင်းတို့အနေဖြင့် အငြင်းပွားဖွယ် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို ပြစ်တင်ဝေဖန်မည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ပြင်ဆင်လျက်ရှိကြောင်း သံတမန်ရေးဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားခဲ့သည်။

ပါလက်စတိုင်းတို့၏ ကန့်ကွက်မှုဆိုင်ရာမည်သည့်ကြေညာချက်ကိုမဆို ကြိုတင်ကာကွယ်ရန်နှင့် အမေရိကန်-အစ္စရေး ပူးတွဲဆောင်ရွက်ချက်အတွက် အထောက်အပံ့များ ရရှိစေရန် အစ္စရေးသံအမတ် ဒန်နီဒါနွန်သည် ကုလသမဂ္ဂလုံခြုံရေးဆိုင်ရာ သံအမတ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်းလည်း အစ္စရေးဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်က ထုတ်ပြန်သော သတင်းကောက်နုတ်ချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အငြင်းပွားဖွယ်ရာ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို ဇန်နဝါရီ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကုလသမဂ္ဂဆုံးဖြတ်ချက်၊ နိုင်ငံတကာဥပဒေနှင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက်များကို အခြေခံ၍ ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ပဋိပက္ခကို ဖြေရှင်းရာ၌ အထောက်အပံ့ပေးရန် ကုလသမဂ္ဂက အာမခံထားကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်းအရေး အမြဲတမ်းစောင့်ကြည့်လေ့လာသူ ရီယက်မန်ဆောက ပါလက်စတိုင်းပြည်သူတို့၏ နိုင်ငံသားအခွင့်အရေးကို ဖျက်ဆီးရန်ကြိုးစားလာမည့် ထရမ့်၏ အစီအစဉ် သို့မဟုတ် ထရမ့်-နေတန်ယာဟု အစီအစဉ်သည် အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ကြောင်း နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်သည် ဖေဖော်ဝါရီ ၂ ရက်တွင် အာရပ်အဖွဲ့ချုပ်ဌာနချုပ်ရှိရာ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး အမေရိကန်၏ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် မည်သည့်နည်းလမ်းဖြင့်မဆို ဝါရှင်တန်နှင့် ပူးပေါင်းဆောင်ရွက်မှုမပြုရန်နှင့် အမေရိကန်၏ အစီအစဉ်အား သပိတ်မှောက်ရန် အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများက တညီတညွတ်တည်း သဘောတူညီခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်ရန် ဗြိတိန်နိုင်ငံက ပေါင်သန်း ၂၀ လှူဒါန်း

**လန်ဒန် ဖေဖော်ဝါရီ ၃**

လူသေစေနိုင်သော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါတိုက်ဖျက်မည့် ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ရန် ဗြိတိန်အစိုးရက ပေါင်သန်း ၂၀ လှူဒါန်းလိုက်သည်။ လှူဒါန်းငွေက ကာကွယ်ဆေးသစ်တစ်မျိုး တီထွင်ထုတ်လုပ်ရာတွင် ဗြိတိန်နိုင်ငံကို ဦးဆောင်စေမည်ဟု ကျန်းမာရေးဝန်ကြီး မတ်ဟန်းကော့ခ်က ပြောကြားသည်။

တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် သေဆုံးသူဦးရေ ၃၆၁ ဦးအထိရှိလာခဲ့ပြီး ကူးစက်ခံရသူ စုစုပေါင်း ၁၇၀၀၀ ကျော်ရှိလာချိန်တွင် ဗြိတိန်နိုင်ငံက ယခုကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ အဓိကဖြစ်ပွားရာ ဝူဟန်မြို့မှ ပြန်လာခဲ့သည့် ဗြိတိန်နိုင်ငံသား ၁၁ ဦးကို ဆေးရုံတစ်ရုံ၌ သီးခြားထားရှိ၍ စောင့်ကြည့်ခဲ့သည်မှာ နှစ်ပတ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဗြိတိန်အစိုးရ၏ ပေါင်သန်း ၂၀ လှူဒါန်းမှုမှာ ခြောက်လမှ ရှစ်လအတွင်း ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရန် ရည်ရွယ်ထားသော ကမ္ဘာ့အဖွဲ့အစည်းတစ်ခုဖြစ်သည့် Coalition for Epidemic Preparedness Innovations (CEPI) ထံသို့ ရောက်ရှိမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံက လှူဒါန်းသောငွေကြေးက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးဖန်တီးရန် လုပ်ဆောင်နေသည့် အသက် ၄၂ နှစ်အရွယ် ဒေါက်တာကိတ်ဘရိုဒရက်၏ ကြိုးပမ်းမှုများကို အထောက်အပံ့ဖြစ်စေသည်။ "နွေဦးရာသီထက် နောက်မကျဘဲ အပြီးသတ်ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ဆေးဘက်ဆိုင်ရာကုမ္ပဏီ Inovio အတွက် တာဝန်ထမ်းဆောင်သည့် မော်လီကျူးဆိုင်ရာ မျိုးရိုးဗီဇပညာရှင် ဘရိုဒရက်ကဆိုသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပြီး ကနေဒါ၊ ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်နှင့် ဗြိတိန်တို့ အပါအဝင် တိုင်းပြည်များစွာ၌ အဆိုပါရောဂါဖြစ်ပွားခဲ့ကြောင်း အတည်ပြုခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ၁၇၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ၁၀၀ ကျော်မှာ တရုတ်နိုင်ငံပြင်ပ၌ဖြစ်ကာ ဗြိတိန်၊ အမေရိကန်၊ ရုရှားနှင့် ဂျာမနီနိုင်ငံတို့က အဆိုပါရောဂါဖြစ်ပွားမှုကို မကြာသေးမီရက်များအတွင်း အတည်ပြုခဲ့သည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ထိုင်းနိုင်ငံအခြေစိုက် Amata Corp က ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံ၍ ရန်ကုန်မြို့တော်အနီး စက်မှုဇုန်တည်ဆောက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ထိုင်းစက်မှုဇုန် တည်ဆောက်ရေးကုမ္ပဏီ Amata Corp က မြန်မာနိုင်ငံ၏ အကြီးမားဆုံးမြို့တော် ရန်ကုန်၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံ၍ စက်မှုဇုန်တစ်ခုတည်ဆောက်ရန် စီစဉ်နေသည်။ အဆိုပါစက်မှုဇုန်သည် ပြည်ပကုမ္ပဏီများအတွက် မြန်မာနိုင်ငံ၌ အရေးပါသော စက်မှုဆိုင်ရာ အခြေခံအဆောက်အအုံဖြစ်လာမည်ဖြစ်သည်။

Amata သည် မကြာသေးမီက နေပြည်တော်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြေငှားစာချုပ်တစ်ခု၊ ဖက်စပ်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့ရာ ရန်ကုန်မြို့တော် အရှေ့မြောက်ဘက်၌ မြေအကျယ်အဝန်း ဟက်တာ ၈၀၀ ကို နှစ် ၇၀ အသုံးပြုခွင့်ရရှိခဲ့သည်။ Amata ၏ ရင်းနှီးမြှုပ်နှံမှုတွင် မဂ္ဂါဝပ် ၆၀၀ ရှိဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်မှုလည်းပါဝင်မည်ဖြစ်သည်။ "မြန်မာနိုင်ငံဟာ မဟာမဲခေါင်ဒေသခွဲအတွက် အိန္ဒိယသမုဒ္ဒရာကိုသွားရာ ဝင်ပေါက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံကို ရွေးချယ်ခဲ့တာပါ" ဟု Amata ဥက္ကဋ္ဌနှင့် စီအီးအို ဗက်ခရွန်ခရိုမာဒက်က လက်မှတ်ရေးထိုးပွဲအခမ်းအနားအပြီး တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ပြောကြားသည်။ စက်မှုဇုန်အတွင်း မြေငှားကုမ္ပဏီများ၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုမှာ တဖြည်းဖြည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိမည်ဟု Amata က ခန့်မှန်းသည်။

"Yangon Amata Smart and Eco City" ဟု ခေါ်ဆိုသည့် အဆိုပါစီမံကိန်းက စုစုပေါင်း မြေအကျယ်အဝန်း၏ ၇၅ ရာခိုင်နှုန်းပေါ်၌ စက်မှုဇုန်တစ်ခု တည်ဆောက်ကာ ကျန်ရှိသော မြေဧရိယာပေါ်၌ စီးပွားရေးဆိုင်ရာ အဆောက်အဦများ၊ အိမ်ရာများတည်ဆောက်မည်ဖြစ်သည်။ စီမံကိန်းကို ငါးနှစ်အတွင်း အဆင့်ခုနစ်ဆင့်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ Amata က ထိုင်းနိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ PTT နှင့်အတူ စက်မှုဇုန်အတွင်း ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ အထိ တိုးချဲ့ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းသို့ ပေးပို့မည်ဖြစ်သည်။ ဓာတ်အားပေးစက်ရုံတစ်ခုတည်း၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ မှ ၆၀၀ အထိ ရှိမည်ဖြစ်သည်။ စက်မှုဇုန်တည်ဆောက်ပြီးပါက စက်ရုံပေါင်း ၁၂၀ မှ ၁၅၀ အထိ လက်ခံနိုင်မည်ဟု မျှော်မှန်းရသည်။ စက်မှုဇုန်ကို စီမံခန့်ခွဲမည့် ဖက်စပ်လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းကို Amata က ပိုင်ဆိုင်ပြီး ၂၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပိုင်ဆိုင်သည်။

ဟက်တာ ၈၀ ရှိ ပထမအဆင့်တည်ဆောက်မှုကို မတ်လမတိုင်မီ စတင်မည်ဟု ဖက်စပ်ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး ယာဆူအိုက ပြောသည်။ "စီမံကိန်းအတွင်း ပထမဆုံးစက်ရုံတည်ဆောက်မှုကို ဒီနှစ်လယ်မှာ စတင်ပြီး ၂၀၂၂ ခုနှစ်မှာ လုပ်ငန်းလည်ပတ်မှုတွေ စတင်မှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။ ယခုစီမံကိန်းက မြန်မာနိုင်ငံသို့ဝင်ရောက်၍ ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေသော ပြည်ပကုမ္ပဏီများအတွက် ရွေးစရာတစ်ခုဖြစ်လာမည်ဖြစ်သည်။

**ကိုးကား - နစ်ကိုင်းအေရှားရီဗျူး၊ ဘာသာပြန် - ကျော်ထိုက်စိုး**



# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီခွဲက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် ခတ်ချိုစက်လှေဆိပ်အနီးတွင်တွေ့ရှိသူ သက်နိုင်ထွန်းအား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၃ ကီလို၊ စိတ်ကြွဆေးပြား ၂၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မြို့ပတ်လမ်းတွင် တွေ့ရှိသူ ဖြိုးချစ်နိုင်(ခ) နားပေါက်ကျယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီန္နီမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် ရန်စီဝမ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၂၀၀၀၊ မြန်မာငွေကျပ် ၁၀၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၂နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအနီး ကလော-သာစည်သွားကားလမ်းတွင် ဖိုးလုံး(ခ)အောင်မြင့်ဌေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၆၁ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် ကန်မိန်း-ဖာဆန်သွားကားလမ်းတွင် ဆန်းလင်းအောင် မောင်းနှင်ပြီး ဝင်းလှလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၃၁၃၀ သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် ကွင်းဆက်အရ ကန်မိန်း-ဖာဆန်သွားကားလမ်း မိုင်တိုင်အမှတ် (၂၂/၂၃)ကြားတွင် မြင့်စိုးအား ရှာဖွေရာ စိတ်ကြွဆေးပြား ၂၇၈၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၈ စီး၊ သွင်းကုန် ၁၄၃၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မုပ္ပလင်ကျေးရွာ မိုင်တိုင်အမှတ် ၉၅ မိုင် လေးဖာလုံအနီး ရွှေညောင်ပင်အောက်တွင် စုပုံထားသော Spy Wine (red) (275ml)(1x24) (50 pkgs) နှင့် ကျိုက်ထိုမြို့ မိုင်တိုင်အမှတ် ၉၇ မိုင် ခြောက်ဖာလုံအနီး ရွှေဖြူရော်ဘာခြံ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသော Sugar (1x50kg) 17 Bag၊ စုစုပေါင်းသိမ်းဆည်းမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၄၆၇ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အရာတော်မြို့နယ်၌ မှုခင်းပညာပေးဟောပြော

**အရာတော် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၌ ယနေ့နံနက်ပိုင်းက မှုခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်စိုးနိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဖြူဖြူဟန်တို့က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် သိရှိလိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာအချက်များကို ပညာပေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဇော်ခိုင်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ၌ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံး

**ဖားကန့် ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ မော်ရှန်ရပ်ကွက်(၁)နေ ဦးနိုင်ဦးသည် မီးဖိုချောင်အတွင်း ဂက်စ်အိုးအသုံးပြုရာမှ နေအိမ်အား မီးကူးစက်လောင်ကျွမ်းမှု ယမန်နေ့ည ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ဦးနိုင်ဦး၏ တစ်ထပ်နေအိမ်နှင့် အနီးရှိနေအိမ်လေးလုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများမှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၆ ဦးမှာ နီးစပ်ရာ ဆွေမျိုးများအိမ်တွင် နေထိုင်နေရပြီး လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးခဲ့မှုမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ နိုင်ဦးအား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ဟုမ္မလင်း၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ဟုမ္မလင်း ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးအေးမင်းလှိုင် ဦးစီးသောအဖွဲ့သည် ဖောင်းပြင်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးအောင်ကိုနိုင် ဦးစီးသောအဖွဲ့နှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲပိုင်းတွင် ဟုမ္မလင်းမြို့နယ် ဟွေအင်ရွာအရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာ တောအတွင်းဝင်ရောက်ရှာဖွေစစ်ဆေးရာ တရားမဝင် ကညင်/အင်သစ် ၈၆ လုံး (၅၀ ဒသမ ၄၈၄၀ တန်)အား သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်သစ်ခိုးထုတ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရပ်ထားသော သုံးဘီးဆိုက်တွဲအား ဆိုင်ကယ် ဝင်တိုက်မိ၍ နှစ်ဦးသေ

**မြင်းမူ ဖေဖော်ဝါရီ ၃**

မြင်းမူမြို့နှင့် ထီးဆောင်းကြား မန္တလေး-မုံရွာကားလမ်း၌ ဖေဖော်ဝါရီ ၂ ရက် ည ၁၀ နာရီခွဲခန့်တွင် ဘီးပေါက်၍ရပ်ထားသော သုံးဘီးဆိုင်ကယ်အား ဆိုင်ကယ်က ဝင်တိုက်မိ၍ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက် ည ၁၀ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ မန္တလေးမှ မြင်းမူသို့ မင်းထက်မောင်းနှင်ပြီး နောက်မှ ဟန်မျိုးကိုကို လိုက်ပါသည့်ဆိုင်ကယ်သည် မြင်းမူမြို့နှင့် ထီးဆောင်းကြား မန္တလေး-မုံရွာ ကားလမ်း မိုင်တိုင် (၄၅/၄) နှင့် (၄၅/၅) အကြားအရောက်တွင် ဘီးပေါက်၍ လမ်းဘေးရပ်ထားသည့် ကျော်သူ မြင်းမူမြို့ မာဃရပ်နေသူ မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ကို ဝင်တိုက်မိရာ ဆိုင်ကယ်မောင်းသူနှင့် လိုက်ပါစီးနင်းသူတို့မှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းထက်အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်**

# ရွှေဘိုမြို့နယ် တအုံကျေးရွာထိပ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ တစ်ဦးသေ

**ရွှေဘို ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ယနေ့ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၃ နာရီခန့်က ရွှေဘိုမြို့နယ် တအုံကျေးရွာထိပ် မိုင်တိုင်အမှတ် (၅/၁) နှင့် (၅/၂) ကြား ရွှေဘို - ကျောက်မြောင်း ကားလမ်းအတိုင်း တိုးတက်နိုင် အုန်းပေါက်ကျေးရွာ ရွှေဘိုမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်နှင့် ၎င်းလမ်းအတိုင်း လွမ်းအောင် ရုံးပင်ရွာ ခင်ဦးမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူတွင် ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# ကျိုတိုမှပေးစာများ - ၁၄
# ဖုရှီမိအီနာရီနတ်ကွန်းသို့ အလည်တစ်ခေါက်

■ အောင်အောင် IR

၂၀၂၀ နှစ်သစ် ပထမသုံးရက်တာကာလ၏ ဒုတိယနေ့တွင် သွားရောက်လည်ပတ်ရန် ရွေးချယ်ခဲ့သော နေရာမှာ ကျိုတိုမြို့၏ အကျော်ကြားဆုံး နတ်ကွန်းတစ်ခုဖြစ်သော ဖုရှီမိအီနာရီနတ်ကွန်း ဖြစ်ပါသည်။

**ဖုရှီမိအီနာရီနတ်ကွန်း**

ဖုရှီမိအီနာရီရှင်တိုနတ်ကွန်းသည် ဂျပန်နိုင်ငံတွင် အထင်ရှားဆုံး နတ်ကွန်းများထဲမှ တစ်ခုဖြစ်ပြီး နတ်ကွန်းအတွင်း၌ လိမ္မော်ရောင် နတ်ကွန်းအဝင်ဂိတ်တိုင်များ (torri) ထောင်နှင့်ချီရှိသဖြင့် ကျိုတိုသို့လာရောက်ကြသူများ မဖြစ်မနေ သွားရောက်ကြသည့် နတ်ကွန်းတစ်ခု ဖြစ်သည်။ အဆိုပါ တစ်ခုနှင့်တစ်ခု ပူးကပ်တည်ရှိနေသော နတ်ကွန်းအဝင်ဂိတ်များသည် အရွယ်အစားပေါင်းစုံရှိကာ နတ်ကွန်းအတွင်းပိုင်းအစမှ နတ်ကွန်းတည်ရှိသည့် အထွတ်အမြတ်ထားရာ အီနာရီတောင် (Mount Inari) ထိပ်ထိတိုင် တောင်တက် တောလမ်းများတစ်လျှောက် ကွန်ရက်ကြီးသဖွယ် ချိတ်ဆက်ရောက်ရှိသည်။ နတ်ကွန်း၏ တရားဝင်ဝက်ဘ်ဆိုက် အဆိုအရ နတ်ကွန်းနှင့်ချိတ်ဆက်နေသော တောင်ပေါ်လမ်းများတွင် လိမ္မော်ရောင် နတ်ကွန်းဂိတ် ၁၀၀၀၀ နီးပါးခန့်ရှိသည်ဟု သိရပြီး အဆိုပါနတ်ကွန်းတိုင်များတွင် တစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီအလှူရှင်အမည်များ ရေးထိုးထားသည်။ တိုင်တစ်တိုင်လျှင် အကြီး၊ အသေးအရွယ်အစားကိုလိုက်၍ ယန်း ၄၀၀၀၀၀ မှ သန်းဂဏန်းအထိ တန်ကြေးရှိသည်ဟု သိရသည်။

ဖုရှီမိအီနာရီ နတ်ကွန်းတစ်ခုလုံး၏ ပရိဝုဏ်သည် စကွဲယားမီတာ ၈၇၀၀၀၀ (၉၃၆၄၆၀၂ စကွဲယားပေ) ကျယ်ဝန်းပြီး ဖုရှီမိသည် နတ်ကွန်းရှိရာ အရပ်ဒေသကို ကိုယ်စားပြုပြီး အီနာရီ (Inari) သည် ဆန်စပါးကို ကိုယ်စားပြုသည်ကို သိရသည်။ သို့ဖြစ်ရာ ဖုရှီမိအီနာရီရှင်တိုနတ်ကွန်းတွင် ပူဇော်ကိုးကွယ်သည့် နတ်မင်းမှာ စားနပ်ရိက္ခာ ဖူလုံပြည့်စုံမှုနှင့် ဆန်ရေစပါးပေါကြွယ်ဝမှုကို ဆောင်ကြဉ်းပေးသည့် အီနာရီနတ်မင်း (Inari Okami/ Shinto god of rice) ဖြစ်သည်ဟု သိရသည်။ နတ်ကွန်းတွင် ‘ဘဝတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းတို့ဖြင့် နေထိုင်နိုင်အောင် ကျွန်ုပ်တို့အား ကျေးမွေးသော၊ဆင်ယင်သော၊နေရာထိုင်ခင်းပေးသော၊ ကာကွယ်စောင့်ရှောက်သော နတ်မင်း’၊ ‘ဘဝတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းတို့ဖြင့် နေထိုင်နိုင်အောင် ဘုရင်မင်းမြတ်မှသည် သာမန်ပြည်သူများအထိ စောင့်ရှောက်ပေးသောနတ်မင်း’ဟု ရေးသားဖော်ပြထားသည်။ နတ်ကွန်း နေရာအတော်များများတွင် မြေခွေးရုပ်များလည်းရှိပြီး အဆိုပါ မြေခွေး (byakkosa) များသည် အီနာရီနတ်မင်း၏ အထောက်တော်၊ ဆက်သားများအဖြစ် ကိုယ်စားပြုသည်ဟု သိရသည်။ ဂျပန်နိုင်ငံတစ်ဝန်းတွင် အီနာရီနတ်ကွန်းများ ၃၀၀၀၀ ခန့်ရှိပြီး ဖုရှီမိအီနာရီနတ်ကွန်းသည် အဆိုပါ ဆန်စပါးကိုယ်စားပြု နတ်ကွန်းများ၏ မိခင်နတ်ကွန်းဖြစ်သည်ဟု ဆိုပါသည်။ ရှေးယခင်က နတ်ကွန်းတွင် ကောက်ပဲသီးနှံ ဆန်ရေစပါး အထွက်တိုးစေရန်နှင့် မိုးလေဝသမှန်ကန်စေရန် အဓိကထားဆုတောင်းကြသော်လည်း ယနေ့ခေတ်တွင်မူ စီးပွားရေးကောင်းမွန်စေရန်၊ မိသားစုဘဝ လုံခြုံချောမွေ့မှုရှိစေရန်၊ ယာဉ် ကားအန္တရာယ် ကင်းရှင်းစေရန်၊ အနုပညာလုပ်ငန်းများ တိုးတက်အောင်မြင်စေရန်စသဖြင့် ဆုတောင်းကြသည်ဟု နတ်ကွန်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဖုရှီမိအီနာရီနတ်ကွန်း၏ သမိုင်းသည် များစွာရှည်လျားပြီး မြို့တော်ကို ကျိုတိုသို့



ကျိုတိုမြို့ရှိ ဖုရှီမိအီနာရီနတ်ကွန်းရှေ့၌ ဆုတောင်းဝတ်ပြုရန် ကြိတ်ကြိတ်တိုးတန်းစီ စောင့်နေသည့် လူအုပ်ကြီးအား တွေ့ရစဉ်။

ပြောင်းရွှေ့သည့် ၇၉၄ ခုနှစ်ဝန်းကျင်နှင့် ထိုမတိုင်မီအစပြုသည်ဟု သမိုင်းမှတ်တမ်းများကဆိုသည်။ နတ်ကွန်းသမိုင်းကို ရေးသားဖော်ပြရပါလျှင် မြန်မာနိုင်ငံမှ နတ်သမိုင်းများကဲ့သို့ပင် ရိုးရာဒဏ္ဍာရီများဖြင့် ရှည်လျားရှုပ်ထွေးလှမည် ဖြစ်သည်။ သမိုင်းမှတ်တမ်းများအရ နတ်ကွန်းသည် မီးဘေး၊ လက်နက်ဘေးတို့ကြောင့် ပျက်စီးခဲ့ရပြီး ၁၄၉၉ ခုနှစ်တွင် နတ်ကွန်းအဆောက်အဦအား ပြန်လည်တည်ဆောက်ခဲ့သည်။ ၁၅၈၉ ခုနှစ်တွင် ပင်မနတ်ကွန်းအဝင်ဂိတ်အား တည်ဆောက်ခဲ့ပြီး ၁၆၉၄ ခုနှစ်တွင် တစ်ဖန် နတ်ကွန်းအဆောက်အဦအား ထပ်မံပြန်လည်တည်ဆောက်ခဲ့သည်။ ၁၈၇၁ ခုနှစ်တွင် ဂျပန်မဲဂျီအစိုးရက နတ်ကွန်းအား မဟာနတ်ကွန်းကြီးအဖြစ်လည်းကောင်း၊ ၁၉၀၉ ခုနှစ်တွင် နတ်ကွန်းပင်မဝတ်ပြုဆောင်အား အမျိုးသားအမွေအနှစ်အဖြစ် လည်းကောင်း သတ်မှတ်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် အီနာရီနတ်မင်း (Inari Okami) အီနာရီတောင် (Mount Inari) တွင် စတင်ရောက်ရှိနေထိုင်ခြင်း နှစ် ၁၂၅၀ ပြည့် အခမ်းအနားများ ကျင်းပခဲ့သည်။ ၁၄၉၉ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ နတ်ကွန်းအဆောက်အဦ ပြန်လည်တည်ဆောက်ခဲ့ခြင်း နှစ် ၅၀၀ ပြည့် အခမ်းအနားကို ကျင်းပခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် နတ်ကွန်းစတင်တည်ထောင်ခြင်း ၁၃၀၀ ပြည့် အခမ်းအနားများ ကျင်းပခဲ့သည်။

နတ်ကွန်းသို့လာရောက်ကြသော နိုင်ငံခြားသားအများစုသည် နတ်ကွန်းနှင့်ဆက်စပ်တည်ရှိနေသော အီနာရီတောင် တောင်တက်လမ်းများအား စိတ်ဝင်စားကြပြီး တောင်အစ၊ အဆုံး တက်မည်ဆိုပါက အသွား၊ အပြန် နှစ်နာရီမှ သုံးနာရီဝန်းကျင်ကြာမြင့်သည်ဟု သိရသည်။ တောင်တက်လမ်းတစ်လျှောက်တွင် သေးငယ်သော နတ်ကွန်းများနှင့် သက်ဆိုင်ရာ နတ်ကွန်းတိုင်များကို တွေ့ရမည်ဖြစ်သည်။ တောင်ထိပ်ရောက်ခါနီးလေ ဂိတ်တိုင်များ တွေ့ရနည်းလေဖြစ်ပြီး တောင်တစ်ဝက်နေရာ (Yotsutsuji intersection) တွင် ကျိုတိုမြို့တစ်ခွင်အား တောင်တန်းများနောက်ခံဖြင့် မြင်ကွင်းကျယ်ရှုမြင်ရမည်ဖြစ်သည်။ နတ်ကွန်းတည်ရှိရာ ကျိုတိုမြို့ ဖုရှီမိဧရိယာတစ်ဝိုက် ထင်ရှားလူသိများသော အစားအစာများမှာ အီနာရီဆူရှီ (Inari Sushi) နှင့် ခိဆူနဲခေါက်ဆွဲ (Kitsune Udon) တို့ ဖြစ်ကြသည်။


**ကိုယ်တွေ့ ဖုရှီမိအီနာရီနတ်ကွန်း**

မွန်းတည့် ၁၂ နာရီခန့်တွင် အဆောင်မှ ဖုရှီမိနတ်ကွန်းသို့ မသွားမီ အဆောင်အနီး ငါးမိနစ်သာသာလမ်းလျှောက်ရသည့် နာမည်ကြီးနတ်ကွန်းတစ်ခုဖြစ်သော ဟေရန်နတ်ကွန်း (Heian Shrine) ဆီ ခဏဝင်လေ့လာခဲ့သည်။ နတ်ကွန်းမဝင်မီကတည်းက အဝင်လမ်းဘေးဘယ်၊ ညာမှာ လမ်းဘေးစားသောက်ဆိုင်များ အစီအရီဖွင့်ထားပြီး လူများလည်း ပြည့်ကျပ်နေပါသည်။ မကြာခဏရောက်နေသည့် နတ်ကွန်းအတွင်း ခဏတစ်ဖြုတ်ဝင်ကြည့်ရာ အတွင်း၌ အင်မတန်ကျယ်ပြောလှသည့် ရင်ပြင်ကြီးထဲမှာ လူများ နေရာအနှံ့တွေ့ရပါသည်။ အပြင်တွင်လည်း များပြားလှသည့်လူများ ဟေရန်နတ်ကွန်းအတွင်းကို အဆက်မပြတ်ဝင်လာနေဆဲ ဖြစ်ပါသည်။ ကိုယ်တကယ်သွားမည့် နတ်ကွန်းက ဖုရှီမိအီနာရီနတ်ကွန်းဖြစ်တာကြောင့် ဟေရန်နတ်ကွန်းမှာ ခဏတစ်ဖြုတ်လေ့လာပြီး ဟိဂါရှီယာမဘူတာရုံဆီ ထွက်လာခဲ့ပါသည်။ လမ်းမှာ မက်ဒေါ်နယ်စားသောက်ဆိုင်မှာ နေ့လယ်စာဝင်စားရန် စိတ်ကူးသော်လည်း ဖုရှီမိနတ်ကွန်းဘက်မှာ တို့ဟူးဖြင့် လုပ်သည့် အီနာရီဆူရှီ နာမည်ကြီးသည် ဆိုသည်နှင့် ဆူရှီကြိုက်သောစာရေးသူ အဲဒီရောက်မှ နေ့လယ်စာ အီနာရီဆူရှီဖြင့် စားမည်ဆိုပြီး ဆက်ထွက်လာခဲ့ပါသည်။ ဖုရှီမိနတ်ကွန်းဆီ သွားရမည့်လမ်းကြောင်းက နည်းနည်းရှုပ်ထွေးခြင်းကြောင့် ဘူတာရုံ၌ နည်းနည်းမေးရပါသည်။ နောက်ဆုံးနတ်ကွန်းကို ရထားနှစ်ဆင့်ပြောင်းစီးပြီး ရောက်သွားပါသည်။

နတ်ကွန်းအနားရှိ JR Inari Station ရောက်သည်နှင့် ဘူတာအနီးမှာ လူအများအပြားသည် နတ်ကွန်းရှိရာဘက်ဆီ ဦးတည်သွားလာနေကြပါသည်။ လူအုပ်ကြီးကို ကြည့်ပြီး နည်းနည်းတောင်လန့်သွားမိပါသည်။ လူများက နတ်ကွန်းရှိရာဆီ ရထားအသွားအလာရှိသည့် သံလမ်းပေါ်မှ ဖြတ်သွားရသည်မို့ လမ်းတစ်လျှောက် ယူနီဖောင်းဝတ်တာဝန်ရှိသူများက အထူးဂရုတစိုက် ကားလမ်း၊ ရထားလမ်းများကို ရှင်းလင်းနေသည်ကိုတွေ့ရပါသည်။ စာရေးသူလည်း ဗိုက်ဆာသည်နှင့် လူအဝင်၊ အထွက်များသည့် စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး ဂျပန်ရိုးရာ ခေါက်ဆွဲကြော်တစ်ပွဲ (Kyoto Curry Stir- Fried Rice Noodle) နှင့် ကြက်ကြော်တစ်ပွဲမှာလိုက်သည်။ တစ်ပွဲယန်း ၅၀၀ စီ ပေးရသည်။ ဆူရှီက တစ်လိပ်ကို ယန်း ၁၅၀ နှင့် သုံးလိပ်ဆိုတော့ ယန်း ၄၅၀ ကျသင့်ပါသည်။ ခေါက်ဆွဲကြော်က နည်းနည်းလေးပဲရပြီး ကြက်ကြော်က အများကြီးရသည်။ အီနာရီဆူရှီဆိုသည်မှာ ပုံမှန်က ဆူရှီမှာ ငါးအဓိကအသုံးပြုပေမယ့် ၎င်းအီနာရီဆူရှီမှာတော့ တို့ဟူးကို အသုံးပြုထားပါသည်။ ထို့ကြောင့် ဈေးလည်း သက်သာသည်၊ စားကြည့်တော့ ချိုသည်၊ လတ်ဆတ်သည်၊ စားကောင်းပါသည်။ သို့သော် ငါးဆူရှီလောက် မကြိုက်လှ။ တို့ဟူးဆူရှီ၊ ကြက်ကြော်နှင့် ခေါက်ဆွဲကြော်စားပြီးတော့ နတ်ကွန်းဆီဝင်ဖို့ အသင့်ဖြစ်နေပါပြီ။

ဆိုင်အပြင် ပြန်ထွက်၊ အပြင်ကလူအုပ်ကြီးနှင့် ရောနှောလိုက်ပါသွားရင်း လိမ္မော်ရောင် နတ်ကွန်းအဝင်ဂိတ်ဆီ ရောက်သွားပါသည်။ အဝင်ဂိတ်နှစ်ဂိတ်လောက်ကို ကျော်ပြီးနောက် ကြီးမားလှသော နှစ်ထပ်အဝင် မုခ်ဦးကြီး (two-storied gate) ကို တွေ့ရပါသည်။ မုခ်ဦးမှဝင်ဝင်ချင်း ဝတ်ပြုဆောင် (worship hall)၊ အဆို၊ အကဆောင် (hall of Shinto music and dance)၊ လက်ဖက်ရည်ပွဲဆောင် (tea ceremony room) စသဖြင့် တွေ့ရပြီး ဝတ်ပြုဆောင်အနောက်တွင် ပင်မနတ်ကွန်း (ပင်မဝတ်ပြုဆောင်)ကြီး (Main Shrine) တည်ရှိပါသည်။

ပင်မနတ်ကွန်းဝတ်ပြုဆောင်တွင် လူများ ကြိတ်ကြိတ်တိုး ဆုတောင်းဝတ်ပြုရန်တန်းစီစောင့်နေကြပါသည်။ ကိုယ့်အလှည့်ရောက်ပြီဆိုလျှင် ရှင်တိုရိုးရာထုံးစံ အလှူခံပုံးမှာ အလှူငွေ အကြွေစေ့ထည့်၊ ဦးနှစ်ကြိမ်ဦးညွှတ်၊ လက်ခုပ်နှစ်ချက်တီး (မိမိရောက်ရှိနေကြောင်း နတ်မင်းများအား အသိပေး)၊ ထို့နောက် လက်အုပ်ချီဆုတောင်း၊ နောက်တစ်ကြိမ် ဦးညွှတ်ပြီး ဆုတောင်းဝတ်ပြုခြင်း ပြီးဆုံးပါသည်။ ပင်မနတ်ကွန်းအတွင်း အဆောင်ထဲမှာလည်း လူ ၁၀၀ နီးပါးရှိပြီး သူတို့ကို ကျောပေးပြီး အပေါ်စင်မြင့်မှာ ရိုးရာနတ်ကွန်းဝတ်စုံအပြည့်ဖြင့် နတ်ကွန်းအကြီးအကဲ နှစ်ဦးက ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရသည်။ အတွင်းမှာက လူအကန့်အသတ်ဖြင့်ဝင်ရသည်မို့ အပြင်မှလူများ အဆောင်အတွင်းကို ဝင်ရန် တန်းစီစောင့်နေသည်ကိုလည်းတွေ့ရပြီး အင်္ဂလိပ်လို နိုင်ငံခြားသားများ အတွင်းသို့ ဝင်ခွင့်မပြုဟု ရေးထားသည်ကို တွေ့ရပါသည်။ နတ်ကွန်းတစ်နေရာတွင်ကြီးမားလှသော မြင်းဖြူရုပ်တုကြီး (white horse statue) ကို မှန်ခန်းတစ်ခုအတွင်းထားရှိသည်ကို တွေ့ရပြီး ၎င်းမြင်းကြီးသည် နတ်ကွန်းသမိုင်းနှင့် ပတ်သက်နေကြောင်းလည်း သိရပါသည်။



နတ်ကွန်းနေရာအတော်များများတွင် တွေ့ရှိရသည့် မြေခွေးရုပ်။

ပင်မနတ်ကွန်းကိုကျော်ပြီး ဆက်ထွက်လာသည်နှင့် အမြင့်ပိုင်းရောက်လာပါသည်။ လှေကားထစ်အချို့ တက်ရသည်။ နောက်ပြီး နတ်ကွန်းနှင့်ပတ်သက်လျှင် အောက်ခြေတိုင်မှာ အမည်းရောင်ခါးပတ်သဘောမျိုး သုတ်လိမ်းထားသည့် လိမ္မော်ရောင်နတ်ကွန်းအဝင်ဂိတ်များကို အရွယ်အစားအမျိုးမျိုးရာထောင်ချီပြီး မဆုံးနိုင်အောင် မြင်တွေ့ရပါသည်။ ယင်းဂိတ် အစုအဝေးကြီးကို Senbon Torii (Thousands of red torii gates) လို့ သုံးနှုန်းကြပါသည်။ ယင်းနတ်ကွန်းဂိတ်များအတိုင်း သွားမည်ဆိုလျှင် တဖြည်းဖြည်းနှင့် တောင်ထိပ်အထိ ရောက်သွားမည်ဖြစ်ပြီး တောင်ထိပ်မှ တောင်အဆင်း နတ်ကွန်းတိုင်များအတိုင်း ‘ဂ’ ပုံသဏ္ဌာန်ကွေ့၍ တစ်ဖက်မှ တောင်အောက်ကို ပြန်လှည့်ဆင်းလာရမည် ဖြစ်သည်။ တောင်တက်၊ တောင်ဆင်း လမ်းတစ်လျှောက်တွင် ကံကောင်းစေသည်ဆိုသည့် ထင်းရှူးပင် (Good-luck pine trees) အများအပြားကိုလည်း တွေ့ရမည် ဖြစ်သည်။ ယင်းဂိတ်တိုင်များအကြား လူအုပ်ကြီးနှင့် အတော်လျှောက်ပြီးနောက် ဆက်မလျှောက်တော့ဘဲ ဘေးမှ သဘာဝမြေသားတောလမ်းလေးအတိုင်း ဆက်တက်ပါသည်။ ထိုတောင်တက်လမ်းတစ်လျှောက်တွင် နတ်ကွန်းအသေးစားလေးများတွေ့ရပြီး ဘေးတစ်ဖက်တစ်ချက်မှာလည်း မကြာခဏ ဆိုသလို ကြီးမားလှသော ဝါးတောကြီးများ တွေ့ရပါသည်။ တောထဲတွင် မျောက်များကို တွေ့လျှင် မစရန်နှင့် ရန်ပြုတတ်သည့်အကြောင်းလည်း သတိပေးစာများ ချိတ်ဆွဲထားပါသည်။ စာရေးသူရောက်ရှိချိန်တွင် တောင်ပေါ်တောလမ်းအတိုင်း တက်သည့်သူအများစုက အနောက်နိုင်ငံသားများဖြစ်သည်ကိုလည်း သတိပြုမိပါသည်။ စာရေးသူလည်း မိနစ် ၂၀ လောက် တောင်တက်လမ်းအတိုင်း တက်ပြီးနောက် ဆက်မတက်တော့ဘဲ တောလမ်းအတိုင်း ပြန်ဆင်းလာပါသည်။ ဘေးတစ်ဖက်တစ်ချက်တွင် အတန်ငယ် နက်ရှိုင်းသည့် လျှိုများ၊ ချောက်များ တွေ့ပါသည်။ နတ်ကွန်းဘက်ပြန်ရောက်လျှင် အနီးဝန်းကျင် ခဏလေ့လာ၊ နတ်ကွန်းအတွင်း ပြုမူလှုပ်ရှားနေကြသည့် ဂျပန်နှစ်သစ်ရိုးရာ အစဉ်အလာများအား ကြည့်ရှု၊ မြေခွေးရုပ်တုများနှင့် အခြားနတ်ကွန်းအဆောင်အယောင်များကို ဓာတ်ပုံရိုက်ပြီး နတ်ကွန်းထဲမှ ပြန်ထွက်လာခဲ့ပါသည်။

ဖုရှီမိအီနာရီနတ်ကွန်းသို့ သွားရောက်လိုပါက လိပ်စာမှာ 68 Fukakusa Yabunouchi-cho, Fushimi-ku, Kyoto City 612-0882 ဖြစ်ပြီး အနီးဆုံးဘူတာများမှာ JR Inari Station (JR Nara Line) နှင့် Fushimi-inari Station (Keihan Main Line) တို့ ဖြစ်ပါသည်။ နတ်ကွန်းနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ ပိုမိုသိရှိလိုပါက http://inari.jp/en/ တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ ။

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(က) သတိပေးပြီး ဝန်ချတောင်းပန်စေခြင်း၊
(ခ) ပြစ်တင်ရှုတ်ချခြင်း၊
(ဂ) အမှုလိုက်ပါ ဆောင်ရွက်ခွင့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊
(ဃ) တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

၅၅။ ဒေသဆိုင်ရာရှေ့နေများ ကောင်စီသည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ စွပ်စွဲခံရသူအား ခုခံချေပခွင့်ပေးပြီး စွပ်စွဲခံရသူမှာ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာတွေ့ရှိပါက စွပ်စွဲခံရသည့် အထက်တန်းရှေ့နေအား အောက်ပါစီမံခန့်ခွဲရေး အမိန့်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် –

(က) သတိပေးပြီး ဝန်ချတောင်းပန်စေခြင်း၊
(ခ) ပြစ်တင်ရှုတ်ချခြင်း၊
(ဂ) အမှုလိုက်ပါဆောင်ရွက်ခွင့်ကိုကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊
(ဃ) အထက်တန်းရှေ့နေ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

၅၆။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အမိန့်ချမှတ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ တရားစရိတ်နှင့် သက်သေစရိတ်တို့ကို ထည့်သွင်းချမှတ်နိုင်သည်။

၅၇။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မိမိ၏ သဘောအလျောက်ဖြစ်စေ၊ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တင်ပြချက်အရဖြစ်စေ ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်သုံးသပ်ပြီး သင့်လျော်သည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၅၈။ ရှေ့နေလိုက်သူတစ်ဦးဦးသည် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း၊ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်းပြုကြောင်း အမိန့်ချမှတ်ခြင်း ခံရပါက ထိုသို့ချမှတ်သည့် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက် အတွင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ မိမိတို့အား ထုတ်ပေးထားသော သက်သေခံမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံရမည်။

၅၉။ ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် ရှေ့နေလိုက်သူအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူနှင့် သက်သေများအား ဆင့်ခေါ်ခြင်း၊ စစ်မေးခြင်း၊ သက်သေခံချက်များရယူခြင်း၊ သက်သေခံအထောက်အထား စာတမ်းအမှတ်အသားများ တင်ပြစေခြင်း၊ ထုချေခွင့်ပေးခြင်းနှင့် လျှောက်လဲခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတွင် သီးခြား ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံး ဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ကို ဆီလျော်သလို ကျင့်သုံးနိုင်သည်။

**အခန်း (၁၄)**

**အယူခံခြင်း**

၆၀။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) က ဖြစ်စေ၊ ဒေသဆိုင်ရာရှေ့နေများကောင်စီကဖြစ်စေ ချမှတ်သော အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုသို့ချမှတ်သောအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံရှေ့နေများ ကောင်စီသို့ အယူခံနိုင်သည် –

(က) အလုပ်သင်ရှေ့နေအဖြစ် ရှေ့နေပညာသင်ကြားခွင့်ပြုရန် လျှောက်ထားချက်ကို ပုဒ်မ ၂၃ အရ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုသည့်အမိန့်၊
(ခ) အထက်တန်းရှေ့နေအဖြစ်ဝင်ခွင့်လျှောက်ထားခြင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းကို သက်ဆိုင်ရာ ရှေ့နေများကောင်စီက ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုသည့် အမိန့်၊
(ဂ) ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၈ အရ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားသည့်အမိန့်၊
(ဃ) ပုဒ်မ ၄၂ အရ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ပယ်ရှားသည့် အမိန့်၊
(င) ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်။

၆၁။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ပုဒ်မ ၆၀ အရ အယူခံမှုကို သတ်မှတ်ချက်များနှင့်အညီ ကြားနာပြီး ချမှတ်ထားသောအမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့်အမိန့်တစ်ရပ်ရပ် ချမှတ်စေခြင်း ပြုနိုင်သည်။

**အခန်း (၁၅)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၆၂။ မည်သူမဆို သက်ဆိုင်ရာ ရှေ့နေများကောင်စီက ထုတ်ပေးသော သက်သေခံ မှတ်ပုံတင်လက်မှတ်မရှိဘဲ ရှေ့နေလိုက်သူအဖြစ် သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံးတစ်ခုခုတွင် အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ဒဏ်ငွေချမှတ်ရမည်။ ထိုဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ၁ လမှ အများဆုံး ၆ လ အထိ ထောင်ဒဏ်ချမှတ်ရမည်။

၆၃။ ရှေ့နေလိုက်သူ မည်သူမဆို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုထားသည့် ကာလအတွင်းဖြစ်စေ၊ ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုထားသည့် ကာလအတွင်းဖြစ်စေ၊ သက်သေခံမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုထားသည့် ကာလအတွင်းဖြစ်စေ ရှေ့နေလိုက်သူအဖြစ် သက်ဆိုင်ရာအမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုတွင် အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၇ သိန်းမှ အများဆုံး ကျပ်သိန်း ၄၀ အထိ ဒဏ်ငွေချမှတ်ရမည်။ ထိုဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံးရက်သတ္တ ၃ ပတ်မှ အများဆုံး ၄ လ အထိ ထောင်ဒဏ်ချမှတ်ရမည်။

၆၄။ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အတွက် စီမံခန့်ခွဲရေးအရ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသူ မည်သူမဆို သတ်မှတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ဒဏ်ငွေချမှတ်ရမည်။ ထိုဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ရက်သတ္တ ၂ ပတ်မှ အများဆုံး ၃ လအထိ ထောင်ဒဏ်ချမှတ်ရမည်။

၆၅။ အမှုပွဲစားအဖြစ် ကြေညာခြင်းခံထားရသူ မည်သူမဆို အမှုပွဲစားအဖြစ် ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း အထိ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၆)**

**ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၆၆။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် အောက်ပါရငွေဖြင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရမည် –

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ၊
(ခ) တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြား အခကြေးငွေများ၊
(ဂ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊
(ဃ) ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊
(င) ရန်ပုံငွေမှရရှိသည့် တရားဝင် တိုးပွားငွေများ။

၆၇။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ အသီးသီးသည် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေဖြင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေတစ်ရပ်စီကို ထူထောင်ထားရှိရမည် –

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ၊
(ခ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေမှ ခွဲဝေပေးငွေများ၊
(ဂ) အထက်တန်းရှေ့နေအဖြစ် ဝင်ကြေး၊ နှစ်စဉ် သက်သေခံလက်မှတ် လဲလှယ်ကြေး၊ ရက်လွန်ကြေးနှင့် အခြား အခကြေးငွေများ၊
(ဃ) ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊
(င) ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊
(စ) ရန်ပုံငွေမှရရှိသည့် တရားဝင် တိုးပွားငွေများ။

၆၈။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် မိမိရန်ပုံငွေဖြင့် ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေ တိုးပွားစေရန် ကြိုးပမ်းအားထုတ်ရမည်။

၆၉။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ထိုစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

၇၀။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ အသီးသီးသည် မိမိတို့၏ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ထိုစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

**အခန်း (၁၇)**

**အထွေထွေ**

၇၁။ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုသည် မိမိရုံးတွင် စစ်ဆေးစီရင်လျက်ရှိသော အမှုနှင့်စပ်လျဉ်း၍ အမှုပွဲစားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ကျော်စောသတင်းရှိသူအား အမှုပွဲစားအဖြစ် မည်သည့်အတွက် ကြေညာခြင်းမပြုသင့်ကြောင်း ထုချေဖြေရှင်းခွင့်ပေးရမည်။ ထိုသူအား အမှုပွဲစားအဖြစ် ဆောင်ရွက်လေ့ရှိကြောင်း ယုံကြည်လောက်သော အထောက်အထား တွေ့ရှိပါက အမှုပွဲစားအဖြစ် ထုတ်ပြန်ကြေညာပြီးအမှုပွဲစား စာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုသို့ ထည့်သွင်းကြေညာသည့် အမှုပွဲစား စာရင်းကို သက်ဆိုင်ရာရှေ့နေများ ကောင်စီသို့ ပေးပို့ရမည်။

၇၂။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည်ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းပြီး အောက်ဖော်ပြပါ အခကြေးငွေများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်–

(က) ဤဥပဒေအရ ရှေ့နေအလုပ်သင်ကြားခြင်း၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်း၊ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသည့် အခကြေးငွေများ၊
(ခ) အထက်တန်းရှေ့နေ သက်သေခံလက်မှတ် အသစ်လဲလှယ်ခနှင့် နောက်ကျကြေးများ၊
(ဂ) တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးနှင့် နောက်ကျကြေးများ၊
(ဃ) သက်သေစရိတ်များ၊
(င) အမှုနိုင်သူအား ပေးရမည့် တရားစရိတ်များ၊
(စ) မိတ္တူကူးခစသည့် အခြား အခကြေးငွေများ။

၇၃။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရုံးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သော အရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၇၄။ ရှေ့နေလိုက်သူ တစ်ဦးဦးသည် မိမိအား ထုတ်ပေးထားသော သက်သေခံမှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက သက်သေခံမှတ်ပုံတင်လက်မှတ် မူရင်းခွဲမိတ္တူ ထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ လျှောက်ထားရယူနိုင်သည်။

၇၅။ ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ ရှေ့နေများကောင်စီကိုဖြစ်စေ၊ ဒေသဆိုင်ရာ ရှေ့နေများကောင်စီကိုဖြစ်စေ၊ ထိုကောင်စီဝင် တစ်ဦးဦးကိုဖြစ်စေ၊ လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၆။ ဤဥပဒေ အခန်း (၁၃) ပါ အယူခံမှုများတွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ နှင့် ၁၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**စာမျက်နှာ ၁၇ သို့ ❖**

## သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ တိုင်းရင်းသားချစ်ကြည်ရေး ဖိတ်ခေါ်အသင်းလိုက် တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၃**

တိုင်းရင်းသားချစ်ကြည်ရေး ဖိတ်ခေါ်အသင်းလိုက် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း ဘူရောင်းတိုက်ကွမ်ဒိုအားကစားရုံ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

"သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀" တိုင်းရင်းသားချစ်ကြည်ရေး တိုက်ကွမ်ဒိုအသင်းလိုက်ပြိုင်ပွဲ ပွဲစဉ်များအနေနှင့် အသက် ၁၄ နှစ်အောက် အမျိုးသား ၂၀၀ ကီလိုတန်း၊ အသက် ၁၄ နှစ် အောက် အမျိုးသမီး ၂၇၀ ကီလိုတန်း၊ အသက် ၁၇ နှစ်အောက် အမျိုးသား ၃၀၀ ကီလိုတန်း၊ အသက် ၁၄ နှစ်အောက် အမျိုးသမီး ၂၀၀ ကီလို တန်း၊ အသက်၁၄ နှစ်အောက် အမျိုးသား ၂၀၀ ကီလိုတန်း၊ အသက် ၁၄ နှစ်အောက် အမျိုးသမီး ၂၇၀ ကီလိုတန်း၊ အသက် ၁၄ နှစ် အောက် အမျိုးသား ၂၇၀ ကီလိုတန်း၊ အသက် ၁၄ နှစ်အောက် အမျိုးသား ၃၀၀ ကီလိုတန်းများ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက များဖြင့် ဖျော်ဖြေတင်ဆက်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းမှစတင်၍ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားလေ့ကျင့်ရေး စခန်းသို့ အသီးသီး ရောက်ရှိကြသည်။




အဆိုပါတိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအား (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဖျော်ဖြေရေး ဆပ်ကော်မတီများနှင့် ဌာနဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် လှိုက်လှဲစွာကြိုဆိုကြပြီး တည်းခိုဆောင်များအလိုက် နေရာချထားရေးကို စီစဉ်ဆောင်ရွက်ပေးသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအနက် ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖေဖော်ဝါရီ ၂ ရက်တွင် ရောက်ရှိပြီး ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ရောက်ရှိကာ မွန်းလွဲပိုင်းတွင် ကရင်၊ ချင်း၊ မွန်၊ ရှမ်းပြည်နယ်တို့မှ ကိုယ်စားလှယ်အဖွဲ့များရောက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

◆ **စာမျက်နှာ ၁၆ မှ**

၇၇။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် အောက်ပါကိစ္စများကို ဤဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်း၍ လွှဲပြောင်း ဆောင်ရွက်ရမည် -

(က) ဤဥပဒေအရ ရှေ့နေအလုပ်သင်ကြားခြင်း၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းကိစ္စ၊

(ခ) သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်း၊ ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းကိစ္စ၊

(ဂ) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုအတွက် တိုင်တန်းမှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းကိစ္စ။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Bar Council Act (India Act No. 38/1926)၊

(ခ) The Legal Practitioners Act (India Act No. 18/1879)။

(ဂ) ၂၀၁၉ခုနှစ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**မိုင်းဖြတ်**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မူလတန်းအဆင့် ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပုံပြင်ပြောပြိုင်ပွဲတွင် "စည်းလုံးညီညွတ်သော လောဒ်ရွာ" ပုံပြင်ဖြင့် ကျောင်းသား ကျောင်းသူ ၃၃ ဦး၊ ပန်းချီပြိုင်ပွဲတွင် "ပြည်ထောင်စု၏ အင်အား" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၂ ဦး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

**ကော့ကရိတ်**

(၇၃)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ (ထက်၊ လယ်အဆင့်)ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

ကျောင်းသူကျောင်းသား ၂၆ ဦးတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၂ ရက် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

**ပုလော**

(၇၃) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် အဆိုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပုလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အမှတ်(၇) အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ အသင်းအလိုက် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသောအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ထူးဝေယံ(ပြန်/ဆက်)**

**နေပြည်တော်**

နေပြည်တော် သပြေကုန်းအဝိုင်းတွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဇေယျာသီရိမြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ဇေယျာသီရိမြို့နယ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းမှ ကျောင်းသူကျောင်းသားလေးများက မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြိုင်ပွဲယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာ၊ တပ်မတော်ဖခင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ကျေးဇူးကို ကျောင်းသား ကျောင်းသူကလေးငယ်များအား လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် အခြေခံပညာအဆင့်အလိုက် ယခုလိုပြိုင်ပွဲများကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်ထံမှ သိရသည်။ **ထွန်းလင်း(ပြန်/ဆက်)**

**လဲချား**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့သန့်ရှင်းသာယာလှပစေရေး စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ပြုလုပ်သည်။

စုစုပေါင်းအင်အား ၄၀၀ ကျော်ဖြင့် အဖွဲ့ နှစ်ဖွဲ့ခွဲကာ မဟာမြတ်မုနိဘုရားကြီးမှစ၍ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် မြို့အဝင်ဆိုင်းဘုတ်အထိ စုပေါင်းအမှိုက်ကောက်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**လှိုင်းဘွဲ**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့်စာစီစာကုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက လှိုင်းဘွဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပြည်ထောင်စုစိတ်ဓာတ်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀ နှင့် စည်းလုံးညီညွတ်ရေး ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားထုတ်ကုန်များကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

တိုင်းရင်းသားဒေသ ထုတ်ကုန်များကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပသည်။

**ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဖေလ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးယောဆက်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းရောင်းချလျက်ရှိသည့် တိုင်းရင်းသားဒေသထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာအစားအသောက်များ၊ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ



ရရှိစေရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုများ တိုးတက်ဖြစ်ထွန်းစေရန်၊ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုများ အချင်းချင်း ဖလှယ်ကြရန် ရည်ရွယ်ပြုလုပ်သည့် တိုင်းရင်းသားများ၏ ရိုးရာအစားအစာများဧည့်ခံပွဲသို့ တက်ရောက်ကြရာ "ဝ" တိုင်းရင်းသားများ၏ ရိုးရာအစားအစာများနှင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံအားကစားကွင်းရှိ ဖျော်ဖြေရေးစင်မြင့်၌ တိုင်းရင်းသားအဆိုရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအကအလှ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

**လာရောက်လည်ပတ်**

သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ယနေ့တတိယမြောက်နေ့တွင် ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်လည်ပတ်ကြသည်။ ပွဲတော်သို့ လာရောက်လည်ပတ်သူများအား ကယားတိုင်းရင်းသားရိုးရာ တံခွန်တိုင်အကနှင့်အတူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

**သတင်းစဉ်**

# (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးဒုတိယနေ့ ကျင်းပ
## ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်နေ့များတွင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးခေါ်ယူရန် သဘောတူညီမှုရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

(၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA–S EAO) ၏ နှစ်ဖက် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

**နှစ်ရက်တာ ကျင်းပ**

JICMအစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်ရက်တာ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးအပြီးတွင် သဘောတူညီချက်သုံးချက်နှင့် မှတ်တမ်း နှစ်ချက်တို့ကို ရလဒ်ကောင်းများအဖြစ်ရရှိခဲ့ကြောင်း ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

NCA–S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်စဝ်စိုင်းငင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် "ဒီနှစ်ရက်တာ အစည်းအဝေးမှာ သဘောတူညီချက်သုံးချက်နဲ့ မှတ်တမ်း နှစ်ချက်တို့ကို ရရှိအောင် စိတ်ရှည်စွာ ဆွေးနွေးညှိနှိုင်းပေးခဲ့ကြတဲ့ အစိုးရနဲ့ NCA–S EAO နှစ်ဖက်ခေါင်းဆောင် ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ JICM အစည်းအဝေးရဲ့ သဘောတူညီချက် ရှစ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်တွေ၊ လုပ်နည်းလုပ်ဟန်တွေ၊ အချိန်ဇယားတွေကို ဒီအစည်းအဝေးမှာ ချမှတ်နိုင်ခဲ့ခြင်းဟာ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ထားရှိတဲ့ သန္နိဋ္ဌာန်ခိုင်မာမှုကို ပြသခြင်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ထားရှိတဲ့ကတိကဝတ်တွေကို အလေးထားလိုက်နာဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

"ထို့အတူ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် သဘောတူညီခဲ့ကြသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ EAO များ ပိုမိုပါဝင်လာရေးကိစ္စကို ဝိုင်းဝန်းနည်းလမ်းရှာနိုင်ခဲ့ပြီး လက်တွေ့ဆောင်ရွက်သွားဖို့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့အစည်းအဝေးတွေ၊ လုပ်ငန်းဆောင်တာအစီအစဉ်တွေကို ဆက်တိုက်ဆောင်ရွက်သွားဖို့ နှစ်ဖက်သဘောတူခဲ့ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရနှင့် NCA–S EAO ညှိနှိုင်းရေးအဖွဲ့ ကိုယ်စားလှယ်များသည် (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက် ရှစ်ချက်အနက် ဆက်လက်ညှိနှိုင်း ဆွေးနွေးရန်ကျန်ရှိနေသေးသည့် အချက်များကို ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်များတွင် ဒုတိယအကြိမ် အစည်းအဝေးခေါ်ယူ၍ ဆက်လက်ညှိနှိုင်းဆွေးနွေးရန် သဘောတူညီခဲ့ကြကြောင်း ယနေ့ကျင်းပသည့် အစည်းအဝေးမှ သိရသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန



ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ နှစ်ဖက်ညှိနှိုင်းအဖွဲ့များအနေနဲ့ JICM တုန်းက သဘောတူညီခဲ့တဲ့ အချက် ရှစ်ချက်ကို ဆက်ပြီးအကောင်အထည်ဖော်မယ့် အစီအစဉ်တွေကို ဆွေးနွေးခဲ့ပါတယ်။ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်တွေနဲ့ စပ်လျဉ်းပြီးတော့လည်း ကျွန်တော်တို့နှစ်ဖက် မူဘောင်လုပ်ငန်းစဉ်တွေကို အစည်းအဝေးမှာ တင်ပြဆွေးနွေးခဲ့ကြပြီး နောက်တစ်ကြိမ်အစည်းအဝေးမှာ ဒီမူဘောင်တွေပေါ်မှာ ဆွေးနွေးလိုတဲ့ အချက်တွေကို သဘောတူညီမှု ရရှိတဲ့အပေါ် အသေးစိတ်ဆက်ဆွေးနွေးဖို့လည်း သဘောတူညီနိုင်ခဲ့ပါတယ်။ နောက်တစ်ကြိမ် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးကိုလည်း ၁၇၊ ၁၈ ရက် မှာ ဒုတိယအကြိမ် အစည်းအဝေးခေါ်ယူဖို့ နှစ်ဖက်သဘောတူညီနိုင်တဲ့အတွက် ကျွန်တော်တို့ရဲ့ အစည်းအဝေးက အန်မတန်မှ ထိရောက်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧပြီလမကုန်ခင်မှာ ညီလာခံကြီး ကျင်းပနိုင်ဖို့ အတွက်လည်း UPDJC၊ JMC၊ နောက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေ အချိန်မီကျင်းပနိုင်ဖို့ နှစ်ဖက်ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

**တက်ရောက်**

ယနေ့ကျင်းပသည့်အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှငွေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာပေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူဆေး၊ စောကျော်ညွန့်၊ ဆော်လမွန်၊ နိုင်အောင်မငေး၊ ခွန်မြင့်ထွန်း၊ ဒေါက်တာစိုင်းဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးနှင့် NCA–S EAO ကိုယ်စားလှယ် နိုင်အောင်မငေး တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ နှစ်ရက်တာ ကျင်းပခဲ့သည့် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း–ရဲခေါင်ညွန့်**
**ဓာတ်ပုံ–ဖိုးထောင်**

**❖ ကျောဖုံးမှ**

ယနေ့ဖွင့်လှစ်ခဲ့သော ထီခတံတားသည် ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ အရှည် ပေ ၄၀၀ ရှိ သံကူကွန်ကရစ်အမျိုးအစားတံတားဖြစ်ကြောင်းနှင့် ထာခတံတားသည် ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ အရှည်ပေ၂၀၀ ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

ထီခတံတားနှင့် ထာခတံတားနှစ်စင်းကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)က ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း တံတားအထူးအဖွဲ့(၁)မှ သိရသည်။

တံတားဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့် တံတားဦးစီးဌာန၊ အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး တံတားများကို ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ) ခန်လင်၊ ကချင်ပြည်နယ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီ၊ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်နှင့် လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**သတင်း – ရှင်မင်း၊ ဓာတ်ပုံ – ထိန်နန်နော်**

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများ(၃)

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၀) ပွဲတော်ကြီး တတိယမြောက်နေ့တွင် ပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ပွဲတော်ကာလအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ နှင့် ‘ဝ’၊ ကိုးကန့်၊ တအာင်း၊ ပအိုဝ်း၊ နာဂ၊ ဓနု စသည့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြခန်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ပြသထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

**ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း**

ရခိုင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းတွင် ရခိုင်လူမျိုးတို့၏ သမိုင်းကြောင်း၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို စုံလင်အောင် ပြသထားသည်။

**ရခိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံကို ပြသသည့် ပြကွက်**

ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း အဝင်ဝ ဘေးတစ်ဖက်တစ်ချက်စီတွင် ဝေသာလီခေတ် ဆီမီးခွက်ဖြင့် မဟာမုနိ ဆင်းတုတော်အား ပူဇော်နေဟန် ရုပ်တုနှစ်ခုခြံရံလျက် မြတ်စွာဘုရားအား ပူဇော်မည့် ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာသွေးရန် ကျောက်ပျဉ်တို့ဖြင့် ပြင်ဆင်ထားသည်ကို ကြည်ညိုစွာ ဖူးမြင်ရမည်ဖြစ်သည်။

"ဒီပြကွက်က ရခိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံကို ပြတဲ့ အဓိကပြကွက်ဖြစ်ပါတယ်။ ဒါ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ရဲ့ နံ့သာသွေးပွဲနဲ့ ဘုရားရေသပ္ပာယ်တာကို သရုပ်ဖော်တဲ့ဓလေ့ဖြစ်ပါတယ်" ဟု ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက ပြောသည်။

**ရခိုင့် အာဇာနည် ဆရာတော် အရှင်ဦးဥတ္တမ**

ထိုပြခန်းအဝင်ဝတွင်ပင် မြန်မာ့လွတ်လပ်ရေး၏ မီးရှူးတန်ဆောင် အာရှတိုက်အတွင်းရှိ အင်္ဂလိပ်လက်အောက် ကျရောက်နေသည့် အခြားနိုင်ငံများ၏ လွတ်လပ်ရေးအတွက်ပါ ပထမဆုံး ဦးဆောင်လမ်းပြပေးခဲ့သည့် အာရှနေဝန်း ရခိုင့်အာဇာနည် ဆရာတော် အရှင်ဦးဥတ္တမ ရုပ်တုကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ထို့ပြင် မြန်မာများလေးစားရသည့် စာဆိုကြီး သခင်ကိုယ်တော်မှိုင်းက ရခိုင့် အာဇာနည် ရဟန်းတစ်ပါးဖြစ်သည့် ဆရာတော်ဦးဥတ္တမအတွက် လေးလေးစားစား ဂုဏ်ပြုစပ်ဆိုထားသည့် ကဗျာကိုလည်း ဆရာတော် အရှင်ဦးဥတ္တမ ရုပ်တု၏နောက်ဘက်တွင် ဆရာတော်၏ အတ္ထုပ္ပတ္တိ အကျဉ်းနှင့်အတူ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

**ရခိုင်ပြည် ခေတ်လေးခေတ်**
**မင်းနေမြို့တော်ဟောင်းများပြမြေပုံ**

ရခိုင်ပြည်နယ်သမိုင်းနှင့် ပတ်သက်၍ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ဟူသည့် ခေတ်လေးခေတ်တွင် တည်ရှိခဲ့သည့် ရှေးခေတ်မင်းနေမြို့တော်ဟောင်းများ၊ ဆက်စပ်နေသည့် ကျောက်ချပ်များနှင့် ရခိုင်၊ ဒိုင်းနက်၊ မြို၊ ခမီ၊ သက်၊ မရမာကြီး၊ ကမန် အစရှိသည့် ရခိုင်ပြည်နယ်၊ ရခိုင်မျိုးနွယ်စု တိုင်းရင်းသားများကို မှတ်တမ်းပြုစုထားသည့် ရခိုင်ပြည် ခေတ်လေးခေတ် မင်းနေမြို့တော်ဟောင်းမြေပုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက "ရခိုင်ပြည်နယ်မြေပုံပေါ်မှာ ရှေးတုန်းက မင်းနေမြို့တော်ဟောင်းတွေ ဓညဝတီခေတ်ရဲ့ မြို့တော်ဟောင်းဆို ဓညဝတီမြို့တော်၊ ဝေသာလီခေတ်ရဲ့ မြို့တော်ဟောင်းဆို ဝေသာလီမြို့တော်၊ လေးမြို့ခေတ်ကတော့ မြို့တော်လေးမြို့ဖြစ်တဲ့ ပဉ္စာ၊ ပုရိန်၊ နေရဉ္စရာတောင်ငူ၊ လောင်းကြက် စတဲ့ လေးမြို့မြစ်တစ်ဝန်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ မြို့လေးမြို့ရှိပါတယ်။ မြောက်ဦးဆိုရင်လည်း အခု ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းတဲ့အထဲမှာ ပါဝင်တဲ့ ရှေးဟောင်းမြို့တော်ဖြစ်တယ်။ ဒါကြောင့် ဒီပြကွက်က ရခိုင်ပြည်နယ်မှာ သမိုင်းစဉ်ဆက် ထွန်းကားခဲ့တဲ့ ခေတ်လေးခေတ်ရဲ့ မင်းနေမြို့တော်ဟောင်းများကို ပြသထားတာဖြစ်ပါတယ်" ဟု ပြောသည်။

**ရှေးခေတ် ရခိုင်ပြည်သုံး အက္ခရာများ**

မင်းနေပြည်တော်မြို့ဟောင်းများ ပြကွက်အပြီးတွင် ရှေးရခိုင်တိုင်းရင်းသားတို့ ရေးသားခဲ့သည့် အက္ခရာများကို ခေတ်လေးခေတ် ကျောက်စာချပ်များဖြင့် ပြသထားရာ အက္ခရာအရေးအသားများ အဆင့်ဆင့် ပြောင်းလဲလာပုံကို လေ့လာခွင့်ရမည့်အပြင် ဓညဝတီခေတ်-ဗြဟ္မီအက္ခရာ၊ ဝေသာလီခေတ်-ဒေဝနာဂရီအက္ခရာ၊ လေးမြို့ခေတ်-ရက္ခဝဏ္ဏအက္ခရာ၊ မြောက်ဦးခေတ်-ယနေ့သုံးအက္ခရာ စသဖြင့် ခေတ်အလိုက် ရေးသားခဲ့သည့် အက္ခရာများ၏ အခေါ်အဝေါ်ကိုပါ တစ်ဆက်တည်း ရှင်းလင်းပြသထားရာ ရှေးယခင်ကတည်းက ရခိုင်တိုင်းရင်းသားတို့၏ စာပေယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုကို ဗဟုသုတဖြစ်ဖွယ် မြင်တွေ့လေ့လာခွင့်ရမည်ဖြစ်သည်။



ရခိုင်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေစဉ်။

ထို့ပြင် စာပေကဏ္ဍ စိတ်ဝင်စားသူများအနေဖြင့် ကမ္ဘာ့မှတ်တမ်းများအမွေအနှစ်ဝင် အာနန္ဒကျောက်စာကိုလည်း ပြန်ဆိုရေးသားသူများနှင့် ယှဉ်တွဲကာ လေ့လာခွင့်ရမည်ဖြစ်သည်။

**(အေဒီ ၂ ရာစု- ၃ ရာစု )မှ (အေဒီ ၁၇၈၄ ထိ )**
**ရခိုင်ပြည်သုံး ဒင်္ဂါးများ**

အေဒီ(၂- ၃ ရာစု )ရခိုင်ပြည်နယ်သုံး ဒင်္ဂါးများ၊ ရခိုင်ဝေသာလီခေတ်( အေဒီ ၂၉၀မှ အေဒီ ၆၄၉)သုံး ဒင်္ဂါးများ၊ မြောက်ဦးခေတ်(အေဒီ ၁၄၃၀ မှ ၁၇၈၄) သုံး ဒင်္ဂါးများကို ထိုစဉ်က နန်းတက်ခဲ့သည့် မင်းအမည်၊ ခုနှစ်သက္ကရာဇ်တို့ဖြင့် တိတိကျကျ ဖော်ပြထားသည့် ဓာတ်ပုံဗီနိုင်းကိုလည်း စိတ်ဝင်စားဖွယ်ပင်။

"ဝေသာလီခေတ် အေဒီ ၂ ရာစု၊ ၃ ရာစုကနေ အေဒီ ၁၇၈၄ ဆိုတာ ဝေသာလီခေတ်နဲ့ မြောက်ဦးခေတ်နှစ်ခေတ်ကို ဆိုလိုတာဖြစ်ပါတယ်။ ဝေသာလီခေတ်ဆိုရင် အေဒီ ၂၉၀ ကနေ ၆၉၃ ဒင်္ဂါး၊ အဲဒီလို ဘာလို့တိတိကျကျ ပြောနိုင်သလဲဆိုရင် ဒင်္ဂါးတွေမှာ ရှင်ဘုရင်ရဲ့ နာမည်ဘွဲ့တံဆိပ်ရယ်၊ နန်းစံတဲ့ ခုနှစ်ရယ်ကို ရေးထိုးခဲ့လို့ပဲဖြစ်ပါတယ်" ဟု ဒေါက်တာနုမြဇံက ပြောသည်။

ဆက်လက်၍ "ရခိုင်ဘုရင်တွေဟာ နန်းတက်ပြီဆိုရင် ဒင်္ဂါးသွန်းလုပ်ကြတဲ့ အစဉ်အလာရှိပါတယ်။ သူတို့ရဲ့ မင်းအမည်နဲ့ ဘယ်နှစ်မှာ နန်းတက်တယ်ဆိုတာ မှတ်တမ်းပေါ့ ။ အဲဒါကို ယူပြီး မဟာမုနိဘုရားကိုသွား၍ အဲဒီဒင်္ဂါးတွေကို ရှေ့မှာရှိတဲ့ ဝသုန္ဒြေတွင်းလို့ခေါ်တဲ့ တွင်းထဲမှာ ထည့်ပြီးတော့မှ အလှူရေစက်ချရပါတယ်။ ဒါကြောင့် မဟာမုနိ ကုန်းတော်ပေါ်ကနေ ရှေးဟောင်းသုတေသနက တူးဖော်တဲ့အခါ ခေတ်ပေါင်းစုံက ဒင်္ဂါးတွေ အများကြီးတွေ့ရတယ်။ ဒါဟာ ကျွန်မတို့ ရခိုင်သမိုင်းရဲ့ ခိုင်မာတဲ့ သက်သေလည်း ဖြစ်တယ်။ နန်းစံတဲ့ မင်းအမည်ရော၊ အဲဒီမင်းနန်းတက်တဲ့ ခုနှစ်ရော သိရှိရတဲ့အတွက် အလွန်တရာကောင်းတဲ့ စာပေသမိုင်းကြောင်း အထောက်အထားတွေပဲဖြစ်ပါတယ်" ဟု ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက ရှင်းပြသည်။

**ရခိုင်ရိုးရာ အဝတ်အထည်များပြခန်း**

ရက်ကန်းပညာတွင် ထင်ရှားကျော်ကြားလှသည့် ရခိုင်တိုင်းရင်းသားတို့ ရက်လုပ်ထားသည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ရခိုင်ရိုးရာအဝတ်အထည်များကိုလည်း ဒီဇိုင်းအဆင်စုံ၊ အရောင်အသွေး စုံလင်စွာ မြင်ရသည်မှာ စွဲမက်ဖွယ်ရာပင်။

"နာမည်လေးတွေအမျိုးမျိုးနဲ့ ဒီဇိုင်းအဆင်လေးတွေကို ခွဲခြားပြီး ရက်လုပ်ထားတာကို တွေ့နိုင်ပါတယ်။ ဘဲလေးချိတ်၊ မောင်ချစ်မယ်ချစ်၊ ရွှေတစ်ဆုပ်တို့ စသည်အားဖြင့် သူ့ရဲ့ ရက်လုပ်တဲ့ ဒီဇိုင်းပေါ်မှာမူတည်ပြီး နာမည်ပေးလေ့ရှိပါတယ်။ ဒါကြောင့် အမျိုးသားဝတ် လုံချည်မှာဖြစ်စေ၊ အမျိုးသမီးဝတ် လုံချည်မှာဖြစ်စေ သူ့ရဲ့ ဒီဇိုင်းအဆင်လေးတွေကို အမျိုးမျိုးနာမည်ပေးပြီးတော့မှ၊ အဲဒါကို တန်ဖိုးထားပြီးတော့မှ ဒီနေ့အထိ အမျိုးမျိုး ရက်လုပ်တီထွင် ဆန်းသစ်လျက်ရှိကြပါတယ်" ဟု ဒေါက်တာနုမြဇံက ပြောသည်။

**အေးချမ်းပါစေ မြောက်ဦးမြေ**

ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းအလယ်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုများရှိသည့် မြောက်ဦးဒေသအတွင်းရှိ သမိုင်းဝင်နေရာများ၊ ရှေးခေတ်ယဉ်ကျေးမှုလက်ရာများ၊ ဘုရားပုထိုးများ၊ ဂူများ၊ မြို့ရိုးများကို ဓာတ်ပုံမှတ်တမ်းများဖြင့် စနစ်တကျ စုစည်းပြသထားသည့် ရခိုင်ဘာသာ စကားဖြင့် "အီးချမ်းပါဇီ မြောက်ဦးမြီ" ပြခန်းကို တွေ့မြင်ရမည်ဖြစ်သည်။

"ကမ္ဘာ့အမွေအနှစ်တင်တာက ရှေးဟောင်းခတ်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ အမွေအနှစ်တင်မကဘူး၊ မျက်မှောက်ခေတ်မှာ သဘာဝနဲ့ ယှဉ်တွဲပြီးရှိနေသေးတဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေကိုရေးရပါတယ်။ လက်ရှိရှိနေတဲ့ ရေကို အသုံးပြုပြီးတော့ ဖားရှာ ငါးရှာ ပြည်သူတွေ သာမန်လုပ်ကိုင်စားသောက်နေတာတွေ၊ လယ်ထွန်စားသောက်တာတွေ၊ ဒါလေးတွေလည်း ပေါ်အောင်ရေးရပါတယ်။ ဆိုလိုတာက ဒီသဘာဝအမွေအနှစ်ကြောင့် ပြည်သူတွေရဲ့ စားဝတ်နေရေး ပျက်ပြားမသွားဘဲနဲ့ သဘာဝအတိုင်း လုပ်ကိုင်စားသောက်လို့ရနေတယ်ဆိုတာ ပေါ်လွင်အောင် ရေးရတာ ဖြစ်ပါ တယ်" ဟု ဒေါက်တာနုမြဇံက ပြောသည်။

**ရခိုင်ဒေသ၏ ထူးထွေဆန်းပြား**
**သဘာဝအလှ ရတနာများ**

ရခိုင်ဒေသ၏ ထူးထွေဆန်းပြား သဘာဝအလှ ရတနာများ ပြသမှုတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကမ်းခြေတစ်လျှောက်တွင် သဘာဝအတိုင်းတွေ့ရသည့် ကျောက်စရစ်ခဲဖြူဖြူလေးများ၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ ထွက်ရှိသည့် နေပူတောင်မှ ခဲနုရောင်၊ ခဲရင့်ရောင်၊ ချောကလက်အညိုရောင် စသဖြင့် အရောင် သုံးမျိုးရှိသည့် မာဘယ်ကျောက်များ၊ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ကမ္ဘာကျော် ငပလီကမ်းခြေတစ်လျှောက်တွင် တွေ့ရသည့် လှပသော အဖြူရောင်သဲများ၊ မာန်အောင်ကျွန်းရှိ မြေနီတောင်ဟု ထင်ရှားသော ကျောက်တောင်မှ ထွက်သည့် မြေနီတောင်ကျောက်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ရသေ့တောင်မြို့နယ် အင့်ငူမော်ကမ်းခြေမှ စတင်ကာ ဘူးသီးတောင်-မောင်းတောတစ်လျှောက် ကမ်းခြေများတွင် တွေ့ရသည့် အဖိုးတန်ဒြပ်စင် ၁၇ မျိုးပေါင်းစပ်ပါဝင်သည့် အနက်ရောင်သဲမြေများကို လက်တွေ့ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။

ရခိုင်ရိုးရာ အဝတ်အထည်ပြခန်းအနီးတွင် လှပသော ဒေသထွက် ခရုခွံလေးများဖြင့် တန်ဆာဆင်ထားသည့် သံတွဲမြို့၏ အထင်ကရ ကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေ။ ထို့နောက် ရိုးရာရက်ကန်းစင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ အထင်ကရ ဘုရားပုထိုးပုံစံငယ်လေးများ၊ အထင်ကရနေရာများ၊ ရှုမျှော်ခင်းများ၊ ရခိုင်တိုင်းရင်းသားတို့၏ အထိမ်းအမှတ် အရုပ်များကို ပြခန်းသို့ လာရောက်ကြည့်ရှုသူများ အမှတ်တရ ဓာတ်ပုံရိုက်ကူးရန် ဖန်တီးပေးထားပြန်သည်။

"အခုလို သွေးချင်းပွဲတော်မှာ တိုင်းရင်းသားတွေအားလုံးလည်း ကိုယ့်ရဲ့ ယဉ်ကျေးမှုတွေ ခင်းကျင်းကြသလို ကျွန်မတို့ ရခိုင်ကလည်း သမိုင်းကြောင်းတွေ၊ စာပေတွေ၊ ဝတ်စားဆင်ယင်ပုံတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေကို တစုတစည်းတည်း ပြသထားတဲ့အတွက် လာရောက်ပြီး လေ့လာကြပါ။ အများကြီး ဗဟုသုတရမှာပါလို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက ပြောသည်။

**ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်း**

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ပြခန်းမျက်နှာစာရှေ့တွင် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာနွားလှည်းယဉ်လေးဖြင့် ပြင်ဆင်ထားရာ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူတို့ဖြင့် စည်ကားနေသည့်အပြင် ပြခန်းအတွင်းဝင်လိုက်သည်နှင့် ရှမ်းပြည်နယ်၏ သင်္ကေတ ချယ်ရီပင်ကိုလည်း လှပစွာစိုက်ပျိုးပြသထားသည်မှာ မျက်စိပသာဒရှိလှသည်။

"နွားလှည်းလေးက ရှမ်းပြည်မှာ ဘုရားပွဲတွေ သွားရင်သုံးတယ်။ တစ်ရွာနဲ့ တစ်ရွာကူးတာတို့ တောင်ယာသွားတာတို့ဆိုလည်း လှည်းယဉ်ကို သုံးကြတယ်။ တောင်ပေါ်ဒေသက သူတွေအတွက် အသုံးဝင်တဲ့လှည်းယဉ်ပေါ့။ ဒါကြောင့် အဝင်ဝမှာ ပြသထားတာပါ" ဟု ရှမ်းတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဒေါ်ခင်တင့်က ပြောသည်။

ပြခန်းအတွင်းရှမ်းရိုးရာအိမ်လေးနှင့်အတူ ရှမ်းရိုးရာတူရိယာ ပစ္စည်းများဖြစ်သည့် ပလွေ၊ ရှမ်းအိုးစည်၊ ဗုံရှည်၊ လင်းကွင်း စသည်တို့ကို ပြခန်းငယ်လေးများဖြင့် ဆောက်လုပ်ပြသထားသည်ကို တွေ့ရမည်ဖြစ်သည့်အပြင် ဒေသထွက်သီးနှံများအား လှပစွာဒီဇိုင်းများဖော်၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည်ကိုလည်း မြင်တွေ့ရသည်။

ပြခန်းအတွင်း ရှမ်းရိုးရာ ခေါင်းပေါင်း၊ လွယ်အိတ်၊ အဝတ်အထည်များ၊ အသုံးအဆောင်များ၊ အစားအစာများ၊ တိုင်းရင်းဆေးဝါးများ၊ လက်မှုအနုပညာ ပစ္စည်းများ၊ ဒေသထွက်ကုန်များကို ဆိုင်ခန်းငယ်များ ဆောက်လုပ်ကာ ခင်းကျင်းပြသထားသည်။

"လာရောက်လည်ပတ်သူတွေအားလုံးလည်း ရှမ်းတိုင်းရင်းသား ပြခန်းကို လာရောက်ပြီး လေ့လာကြပါ။ လာတဲ့သူတွေအားလုံးကို နွေးထွေးစွာကြိုဆိုနေပါတယ်။ ရိုးရာဝတ်စုံလေးတွေကိုလည်း အားပေးကြပါလို့ပြောချင်ပါတယ်" ဟု ရှမ်းတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ ဒေါ်ခင်တင့်က ပြောသည်။ **စုစည်းတင်ပြသူ-သီသီမင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းတွင် ခင်းကျင်းပြသထားသည့် ရှမ်းရိုးရာအသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။



## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ရရှိမှု ထပ်ဆင့်ဂုဏ်ပြု

**ကလေး ဖေဖော်ဝါရီ ၃**

အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်ဆရာတော်နှင့် သုဓမ္မသိင်္ဂီ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ ဒေါ်ခင်ချို့တို့အား ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်တွင် ထပ်ဆင့်ဂုဏ်ပြုအခမ်းအနားကို ကျင်းပသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော မဟာသန္တာရုံကျောင်းတိုက်ဆရာတော်၏ ထေရုပ္ပတ္တိကို မဟာသန္တာရုံကျောင်းတိုက် စာချဆရာတော် အရှင်ကိတ္တိသာရက ဖတ်ကြားတော်မူပြီး သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ခင်ချို၏အတ္ထုပ္ပတ္တိကို မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက ဖတ်ကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ထပ်ဆင့်ဆက်ကပ်ဂုဏ်ပြုခဲ့သည်။

**သစ္စာ**

## ခေမာသီဝံဓမ္မစကူး သင်တန်းဆင်းလက်မှတ်ပေးအပ်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၃**

ဂန့်ဂေါမြို့ အမှတ်(၄) ရပ်ကွက် (၂) ကြိမ်မြောက် ခေမာသီဝံဓမ္မစကူးသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီတွင် ခေမာသီဝံစာသင်တိုက်၌ ကျင်းပသည်။

ထို့နောက် ဓမ္မစကူးကျောင်းတက်ရက်မှန်ဆုအား သာသနဓဇဓမ္မာစရိယ ဦးပညာဝံသကလည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဝိနယဓရ ဝိနယကောဝိဒ ပိဋကတ်တစ်ပုံဆောင် ဦးစန္ဒောဘာသာလင်္ကာရကလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူများအား သာသနဓဇ ဓမ္မာစရိယ ဦးဟိတေသကကလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူများအား သာသနဓဇ ဓမ္မာစရိယ ဦးသံဝရကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**စိန်ကျော်**



## ဒလ-ပန်းဆိုးတန်းလက်မှတ်ရုံများရှိ ဝှီးချဲများ အခမဲ့ယူဆောင်အသုံးပြုနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဒလမြို့နှင့် ရန်ကုန်ပန်းဆိုးတန်းလက်မှတ်ရုံတို့တွင် ထားရှိပေးထားသည့် ဝှီးချဲများအား သက်ကြီးရွယ်အိုများ၊ လမ်းမလျှောက်နိုင်သည့်လူနာများအား အခမဲ့ယူဆောင်အသုံးပြုနိုင်ကြောင်း သိရသည်။

ဒလ-ပန်းဆိုးတန်းကူးတို့သင်္ဘော ချယ်ရီဖြင့် ခရီးသွားလာကြသူများအနက်မှ လမ်းမလျှောက်နိုင်သူ ခရီးသွားများအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဒလလက်မှတ်ရုံနှင့် ပန်းဆိုးတန်းလက်မှတ်ရုံတို့တွင် ဝှီးချဲငါးခုစီထားပေးထားကြောင်း သိရသည်။

လက်မှတ်ရုံနှစ်ခုတွင် ထားရှိပေးထားသည့် ဝှီးချဲများမှာ ကိုရီးယားနိုင်ငံထုတ်များဟုသိရပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် စနစ်တကျစီမံထားရှိထားကြောင်းလည်း သိရသည်။

လက်မှတ်ရုံများတွင် ထားရှိသည့် ဝှီးချဲများအား အသုံးပြုလိုသူများအနေဖြင့် ယူဆောင်သူ၏ အမည် နေရပ်၊ ဖုန်းနံပါတ်အား စာရင်းရေးသွင်းမှတ်သားကာ အခမဲ့ယူဆောင်အသုံးပြုနိုင်ကြောင်း သိရသည်။

လက်မှတ်ရုံမှ တာဝန်ရှိသူများအနေဖြင့်လည်း ဝှီးချဲအားအသုံးပြုရန်ယူဆောင်သွားပါက ဆိပ်ကမ်းတာဝန်ရှိသူချင်း ချိတ်ဆက်ကာ ယူဆောင်အသုံးပြုသည့် ဝှီးချဲများပျောက်ဆုံးမှုမဖြစ်ပေါ်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝှီးချဲအား ယူဆောင်အသုံးပြုသူများအနေဖြင့် လူနာ (သို့မဟုတ်) လမ်းမလျှောက်နိုင်သူအား ဆေးရုံကား၊ အငှားကားပေါ်တင်ပြီးသည်နှင့် ဝှီးချဲအား လက်မှတ်ရုံအနီးတွင် ပြန်လည်ထားရှိပေးခြင်း (သို့မဟုတ်) ယူဆောင်ခဲ့သည့် လက်မှတ်ရုံသို့ ပြန်လည်ပို့ဆောင်ပေးခြင်း (သို့မဟုတ်) ဖုန်းဆက်ကာ မည်သည့်နေရာ (လက်မှတ်ရုံအနီးနား) တွင် ထားရှိထားကြောင်းအား အသိပေးခြင်းဖြင့် ကူညီစေလိုကြောင်း သိရသည်။



**မောင်ယဉ်ဦး (ဒလ)**

## ကျေးရွာလေးရွာမှ အိမ်ထောင်စု ၃၃၀ အတွက် ကျပ်သိန်း ၂၁၀ ကျော် တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆားများ လှူဒါန်း

**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ အိမ်ထောင်စု စုစုပေါင်း ၃၃၀ အတွက် ကျပ်သိန်း ၂၁၀ ကျော်တန်ဖိုးရှိ ဆန်အိတ်များ၊ ဆီနှင့် ဆားများကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင်မိသားစုက ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီက ရွာသစ်ကျေးရွာ၌ ကျင်းပသည်။

"ကိုယ့်မွေးရပ်ဇာတိမြေကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာဒေသခံတွေကို ကိုယ်တတ်နိုင်သရွေ့ လှူဒါန်းပြီး အလှူဒါနပြုတဲ့အနေနဲ့ အခုလို ဆန်၊ ဆီ၊ ဆားများကို လှူဒါန်းတာဖြစ်ပါတယ်" ဟု အလှူရှင် ဒေါ်ခင်သန်းဝင်းက ပြောသည်။

အဆိုပါလှူဒါန်းပေးအပ်ပွဲတွင် မန္တလေးမြို့နေ ဗိုလ်မှူးကျော်စွာဝင်းက အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တလင်းကုန်းကျေးရွာ အိမ်ထောင်စု ၃၂ စု၊ ရွာသစ်ကျေးရွာအိမ်ထောင်စု ၈၈ စု၊ အောင်သာကျေးရွာအိမ်ထောင်စု ၁၅၀ နှင့် ကတ္တူကံကျေးရွာအိမ်ထောင်စု ၆၆ စု စုစုပေါင်း အိမ်ထောင်စု ၃၃၀ အား တစ်အိမ်ထောင်စုလျှင် ဆန် ၂၄ ပြည်ပါတစ်အိတ်၊ ဆီတစ်ပိဿာ၊ ဆားတစ်အိတ်ကို ပေးအပ်လှူဒါန်းခဲ့သည်။ **ချမ်းသာ (မိတ္ထီလာ)**



## သတင်းစုံကဏ္ဍ

### ဒလ-ဖျာပုံ ပိုင်ရောမော်တော်ယာဉ်လိုင်းသစ်ဖွင့်

**ရန်ကုန်**

ဒလ-ဖျာပုံ ခရီးစဉ်တစ်ခုအဖြစ် ထပ်မံတိုး၍ ပိုင်ရောမော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ဒလဘက်ကမ်းတွင် ကျင်းပသည်။

လိုင်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ အခမဲ့ပြေးဆွဲပို့ဆောင်ပေးခဲ့ပြီး စီးနင်းသူလူပုဂ္ဂိုလ်များအား လက်ဆောင်ပစ္စည်းများဝေငှ၍ သံဃာတော်များအား သင်္ကန်းဒွိစုံများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ကျပ် ၂၀၀၀ နှုန်းဖြင့် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် လစဉ် လပြည့်လကွယ်နေ့တိုင်း ယာဉ်စီးခ အခမဲ့လှူဒါန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းတင်**

### စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးစည်းဝေး

**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုဘတ်ဂျက်၊ နေပြည်တော်ကောင်စီဘတ်ဂျက်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကောင်အထည်ဖော်ကြမည့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြ ညှိနှိုင်းကြကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

### ဆိုင်ကယ်လိုင်စင် နေ့ချင်းပြီးဆောင်ရွက်ပေး

**ကျိုက်မရော**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း ဆိုင်ကယ်လိုင်စင်အသစ်များ ပြုလုပ်ပေးခြင်းကို ဖေဖော်ဝါရီ ၃ ရက်မှစ၍ ၈ ရက်ထိ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလိုင်စင်များပြုလုပ်ပေးရာတွင် လိုင်စင်မဲ့ဆိုင်ကယ်၏ ဒေသပေါက်ဈေး ၅၀ ရာခိုင်နှုန်း ဒဏ်ငွေပေးဆောင်ရပြီး ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်အဆောက်အဦဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းအရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေးသည်။

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်အဆောက်အဦကို ယောစုကျေးရွာတွင် ဆောက်လုပ်ခြင်းဖြစ်ကာ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရုံးအဆောက်အဦနှင့်စပ်လျဉ်း၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့ကောင်းမွန်အောင် တည်ဆောက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြို့နယ်ရုံးသစ် အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေ ငွေကျပ် သိန်း ၇၀ ဖြင့် အလျား ၃၆ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၂၃ ပေ အာရ်စီနှစ်ထပ် အဆောက်အဦနှင့် ရေ၊ မီး၊ အိမ်သာအပါအဝင် အလျားပေ ၂၀၊ အနံ ၁၀ ပေ၊ အမြင့်ကိုးပေရှိ Steel Structure ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်းသိရကာ ယခုလက်ရှိတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၄၅ ရာခိုင်နှုန်း တည်ဆောက် ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ တွင် 2019 Novel Coronavirus (2019-nCov)နှင့် ပတ်သက်၍ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများနှင့် ကာကွယ် နိုင်မည့် နည်းလမ်းများအား အသေးစိတ်ရှင်းလင်းပြောကြားခြင်းကို ဖေဖော်ဝါရီ ၂ ရက် နေ့လယ်ပိုင်းက ကျင်းပသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီး(ငြိမ်း) ကျွမ်းကျင်သူ ဒေါက်တာပပ၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေး (ဆေးရုံအုပ်ကြီး-ပူးတွဲတာဝန်)တို့မှ လူနာဆောင်အသီးသီးမှ သူနာပြုဆရာမကြီးများအား 2019 Novel Coronavirus (2019-nCov) အဆုတ်ရောဂါနှင့် ပတ်သက်၍ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများ၊ မိမိတို့တာဝန်ကျရာ လူနာဆောင်များအသီးသီးတွင် အတွင်းအပြင်သန့်ရှင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ လူနာစောင့်များ ဝင်ထွက်သွားလာခြင်းကို လျှော့ချ၍ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

# ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ပါဝင်သော ကာကွယ်ဆေး စတင်ထည့်သွင်းခြင်း လုပ်ငန်းဖွင့်ပွဲကျင်းပ



**ဟားခါး ဖေဖော်ဝါရီ ၃**


ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ပြည်နယ်အဆင့် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်အစီအစဉ်တွင် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ပါဝင်သော ကာကွယ်ဆေး (စတုတ္ထအကြိမ်) စတင်ထည့်သွင်းခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်အစီအစဉ်တွင် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးနှင့် ဆုံဆို့- မေးခိုင်ပါဝင်သော ကာကွယ်ဆေး (စတုတ္ထအကြိမ်) စတင်ထည့်သွင်းခြင်းလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးဖွေအားနှင့် တာဝန်ရှိသူများသည် ကျန်းမာရေးဦးစီးဌာနမှ ပြသထားသည့် ကျန်းမာရေးအသိပညာပေးနံရံကပ်စာစောင်များနှင့် ကလေးငယ်များ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

## အားကစား



# ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ် ဩစတြေးလျအိုးပင်းတင်းနစ်ဖလား ရှစ်ကြိမ်မြောက် ဆွတ်ခူး

မဲလ်ဘုန်းမြို့မှာ ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ဒိုမီနစ်သီယမ်ကို အနိုင်ရရှိခဲ့ပါတယ်။

ဂျိုကိုဗစ်အနေနဲ့ ဒိုမီနစ်သီယမ်ကို ၆-၄၊ ၄-၆၊ ၂-၆၊ ၆-၃၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဂျိုကိုဗစ်ဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ရှစ်ကြိမ်မြောက်အဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ် ဂျိုကိုဗစ်ဟာ အခုဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့တာကြောင့် တင်းနစ်ကစားသမားဘဝတစ်လျှောက်မှာ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းပြိုင်ပွဲမှာ ၁၇ ကြိမ်အထိ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

# ကွင်းလယ်ကစားသမား ဝီလီယံ ချယ်လ်ဆီးအသင်းတွင် ဆက်ရှိနေမည်

ချယ်လ်ဆီးအသင်းရဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဝီလီယံဟာ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့မှာမဟုတ်ဘဲ လက်ရှိကလပ် ချယ်လ်ဆီးအသင်းမှာပဲ ဆက်ရှိနေမယ်လို့ သိရပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဘရာဇီးကြယ်ပွင့် ဝီလီယံဟာ အခုနှစ်ဘောလုံးရာသီကုန်မှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိမှာဖြစ်တဲ့အတွက် ဘာစီလိုနာအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဝီလီယံဟာ အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ် ၁၉ ပွဲအထိ ပါဝင်ကစားပေးထားပြီး သွင်းဂိုးလေးဂိုးသွင်းယူပေးထားတဲ့အပြင် ဂိုးဖန်တီးမှုလေးကြိမ်အထိ ဖန်တီးပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အနုပညာ

# Crash Landing on You ရဲ့ ဇာတ်ဝင်တေးကို သီဆိုပေးမယ့် အိုင်ယူ

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ “Crash Landing on You” ရဲ့ ဇာတ်ဝင်တေးသီချင်းကို တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်သူ အိုင်ယူက သီဆိုပေးထားကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာပါတယ်။ ဒီဇာတ်ဝင်တေးဟာ အိုင်ယူအနေနဲ့ ပြီးခဲ့တဲ့ ကိုးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်သီဆိုတဲ့ ဇာတ်ဝင်တေးလည်းဖြစ် ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


လတ်တလော tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲ “Crash Landing on You” ရဲ့ အပိုင်းသစ်တွေမှာ ပါဝင်မယ့် ဇာတ်ဝင်တေးကို အိုင်ယူက သီဆိုပေးမှာဖြစ်ပါတယ်။ ဒီသတင်းကိုဇာတ်လမ်းတွဲ ရိုက်ကူးရေးအသိုင်းအဝိုင်းက အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲမှာ အိုင်ယူသီဆိုပေးထားတဲ့ ဇာတ်ဝင်တေးတစ်ပုဒ်ပါဝင်ကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၃ ရက်က သတင်းထွက်လာခဲ့ပြီး နောက်ပိုင်းမှာ သတင်းကို အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ အိုင်ယူအနေနဲ့ ကိုးနှစ်တာအတွင်း ဇာတ်လမ်းတွဲအတွက် ဇာတ်ဝင်တေးကို ပထမဆုံးအကြိမ် သီဆိုပေးခဲ့တာဖြစ်ပြီး ယခင်က ဇာတ်လမ်းတွဲတွေမှာ အိုင်ယူရဲ့ တေးအယ်လ်ဘမ်တွေမှာ ပါဝင်တဲ့ တေးသီချင်းတွေကို ထည့်သွင်းခဲ့ပြီး ဒီဇာတ်လမ်းတွဲမှာ တေးသီချင်းအဟောင်းမဟုတ်ဘဲ အသစ်ဖန်တီးသီဆိုပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် တေးသီချင်း ထုတ်လွှင့်သွားမယ့်ရက်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။

“Crash Landing on You” ရဲ့ ဇာတ်ညွှန်းဆရာနဲ့ အိုင်ယူဟာ ပုဂ္ဂိုလ်ရေးအရ ခင်မင်သူတွေဖြစ်ကြပြီး ဇာတ်ဝင်တေးသီဆိုပေးဖို့ရာ အိုင်ယူဘက်ကလည်း အတည်ပြုခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

# အင်္ဂလန်မှာ ကျောင်းသွားတက်မယ့် ဂိုဟေဆန်း




တောင်ကိုရီးယားမင်းသမီး ဂိုဟေဆန်းဟာ အင်္ဂလန်မှာ ကျောင်းသွားတက်မှာဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ ဂိုဟေဆန်းက အင်္ဂလန်မှာ ဘာသာစကားကို သွားရောက်သင်ယူမှာဖြစ်ကြောင်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂ ရက်မှာ ဂိုဟေဆန်းက သူ့ရဲ့ ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာပါ။ သူက “ကျွန်မအင်္ဂလန်ကို သွားတော့မှာ။ အဝေးကြီးပဲ။ တစ်ယောက်တည်းသွားမှာပါ။ ကျွန်မစိတ်လှုပ်ရှားနေမိတယ်”လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဒီလိုရေးသားဖော်ပြခဲ့တဲ့အပေါ် ပရိသတ်တွေက ဆုတောင်းစကားတွေဆိုခဲ့ကြပြီး ပျော်ရွှင်ပါစေကြောင်းလည်း ဆန္ဒပြုခဲ့ကြတယ်လို့ သိရပါတယ်။

# ဝမ်းမြောက်နုမော်သာခုခေါ်ဆိုပါကြောင်း

မြန်မာပြည်အနှံ့အပြား ဘုရား၊ သိမ်၊ ကျောင်း၊ ကျောင်းတိုက်၊ သာသနာ့နယ်မြေ၊ ရဟန်းနှင့်သီလရှင်များစွာတို့ကို ထောက်ပံ့လှူဒါန်းခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဖြစ်သည့်

## သီရိသုဓမ္မသိင်္ဂီ

ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသော

**လင်းမနေဓာဟရသီလရှင်စာသင်တိုက်ကျောင်း** ၏ ဒါယိကာမကြီးလည်း

ဖြစ်သော TA-FA TRADING CO.,LTD ၏ ဒါရိုက်တာ **ဒေါ်နီနီအေး** ပြုလုပ်ခဲ့သော

ကောင်းမှုအစုစုတို့အပေါ် ဝမ်းမြောက်နုမော် သာခုခေါ်ဆို ဂုဏ်ယူအပ်ပါသည်။

သက်ရှည်ကျန်းမာဝမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဗုဒ္ဓသာသနာအကျိုး၊ အများအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးစားအားထုတ် သာသနာပြုနိုင်ပါစေကြောင်း ထက်သန်စွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**သီလရှင်ဆရာကြီး ဒေါ်အညေသီ(သာသနဓဇဓမ္မာစရိယ)**
**သီလရှင်ဆရာကြီး ဒေါ်ပညာစာရီ(သာသနဓဇဓမ္မာစရိယ)နှင့်**
**သီလရှင်ဆရာလေးများအားလုံး**
**လင်းမနေဓာဟရသီလရှင်စာသင်တိုက်**
**စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**


### အင်္ဂလိပ်စာ တကယ်တတ်ချင်သူများအတွက်

USA တွင်ကျောင်းတက်အလုပ်လုပ်ခဲ့သောဗဟုသုတများဖြင့်
TOEFL, IELTS များအတွက် ဂရုတစိုက် သင်ကြားပေးမည့်
**ဦးခင်မောင်အေး** B.Sc. (Phy), BBA (USA), HR Consultant
Grammar & English 4 Skills အတတ်သင် သင်တန်းများ

**09-253298682** ရုံး၊ အိမ် များသို့လည်း လိုက်သင်ပါသည်။ ၇၈ ၊ ဆင်ရေကန်လမ်း ၊ အလုံ


### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမျိုးအေးထွန်း[၉/စကတ(နိုင်)၁၉၆၉၇၇]၏ P.S.C.R.B (သင်္ဘောသားလက်မှတ်)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-763931705

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းစိုး[၉/တကန(နိုင်)၂၀၃၆၅၂]၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

Ph-09-955467085

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ သီရိမြိုင်ရပ်ကွက်၊ သရက်ကုန်းရပ်၊ ရာမညလမ်း၊ အမှတ်(၉၆)ရှိ မြေနေရာတွင် ထုတ်လုပ်မည့် **တော်ဝင်အိမ်** အမှတ်တံဆိပ်သောက်ရေသန့်အား အောက်ဖော်ပြပါ တံဆိပ်နမူနာအတိုင်း မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ (၇ ရက်အတွင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ငန်းအဆင့်ဆင့်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။




ဦးနှင်းဝေ[၁၀/မလမ(နိုင်)၁၅၅၃၅၀]
ဖုန်း-၀၉-၇၃၂၂၇၃၃၉


### ရွှေဝိုင်း
အိမ်၊ ခြံ၊ မြေ
အုံအရှေ့၊ အုံမြောက်
အုံတောင်၊ အုံဆိပ်ကမ်း
မြေကွက်များ
စျေးမှန်ပေးဝယ်သည်။
09 456595585
09 402394600
09 448034074

### ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး ခြံတွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773


### ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး
စျေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

သင့်သွေးဖြင့်
အသက်ကယ်ပါ

သံလွင်ဆီ၊ ကာနိုလာဆီ၊ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ ပဲပိစပ်ဆီ၊ စားအုန်းဆီ၊ ပြောင်းဆီ၊ အုန်းဆီ၊ ထောပတ်သီးဆီ၊ ဖွဲနုဆီ၊ ကြယ်ပဲဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ ဂေါ်ဆီ စသည့် စားသုံးဆီ အမျိုးအစားပေါင်း (၁၄) မျိုးအပြင် ထောပတ်နှင့် မာဂျရင်းတို့၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ကျန်းမာရေးရှုထောင့်မှ အသေးစိတ် လေ့လာဖတ်ရှုနိုင်မည့် ...

## စားသုံးဆီနှင့် ကျန်းမာရေး

ဒေါက်တာခင်မောင်လွင် (FAME)



မိသားစုကျန်းမာရေးအတွက် အိမ်တိုင်းမှာ
လက်စွဲထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်

အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

01-3681908, 3682199


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င/၁၃)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂)၊ အလျားပေ(၆၀) x အနံပေ(၆၀)၊ ဒုဗမက အောင်ကြွယ် အမည်ပေါက်(ပါမစ်)မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်ဖြိုးဇော်[၁၂/မရက(နိုင်)၁၃၄၆၈၄]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူခဲ့ရာ ၎င်းအိမ်နှင့်ခြံတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ပေးအပ်ငွေကို ကျွန်တော်မှ ပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**စရန်ငွေပေးချေထားသူ**
**ဦးကျော်ဆန်းလွင်[၁၂/မရက(နိုင်)၀၆၄၂၃၆]**
**အမှတ်(၄၄၆-က)၊ မဟာမြိုင်လမ်း၊ (၉/၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၈၁၀၈၁၈၊ ၀၉-၇၉၉၇၄၄၈၀၀**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ မြေကွက်အမှတ် -၃၂၀ (က) ၊ ဧရိယာ(၁၂၀၀) စ/ပေ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၂၀/က၊ ကံတော်ရိပ်သာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်နွဲ့(၁၂/သဃက(နိုင်)၀၂၄၅၀၃)ထံမှ ဝယ်ယူရန် သဘောတူညီကြပြီးနောက် အရောင်းတန်ဘိုး၏ တစ်စိတ်တစ်ဒေသကို စရံငွေများအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ မြေနှင့်အိမ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မျိုးမိ(B.Sc, H.G.P,R.L,D.B.L) စဉ်-၁၉၁၁
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၀/၁၇၂) ပထမထပ်၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း- ၀၁၈ ၂၉၃၀၇၆၊ ၀၉ ၅၄၀၄၉၄၀

## (၂-၃-၂၀၁၉) ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

**အောင်ပြည့်စုံကျော်** ☎ ၀၉-၄၅၇၆၀၀၃၁၆

- ဒီထက်မက သာသနာပြုနိုင်ပါစေ။ ဦးပဏ္ဍိတ (မန္တလေး ၀၉-၂၅၆၂၇၇၂၀၄)
- နောင်နှစ်လည်း ထပ်လိုက်ပါအုံးမည်။ ဦးပညောဘာသ (မန္တလေး ၀၉-၂၆၅၈၇၄၀၈၂)
  မအေးအေးမာ (မန္တလေး ၀၉-၂၆၅၈၇၄၀၈၂)
- စိတ်ချမ်းသာ ကုသိုလ်တွေရပြီး နွေးထွေးမှုနှင့် ပျော်ရွှင်မှုတွေပေးလို့ ဝမ်းသာကြည်နူးမိပါတယ်။ ဒေါ်စန္ဒာအောင် (ဗိုလ်တထောင် ၀၉-၂၅၄၀၅၂၁၂၃)
- စိတ်ချမ်းသာစွာ သာဓုခေါ်ဆိုပါသည်။
  ဦးစိုင်းကြည်ထွန်း (တောင်/ဥက္ကလာ ၀၉-၇၈၀၀၀၆၇၀၅)
- ကျေနပ်မှု ပီတိနှင့်အတူ အေးချမ်းမှုဖြစ်စေပါသည်။
  ဒေါ်ငွေးငွေး (လမ်းမတော် ၀၉-၅၀၉၂၂၃၉)
- ကျန်းမာရေး ဝန်ဆောင်မှုပြည့်စုံပါသည်။ ဒေါ်ချို (မန္တလေး ၀၉-၂၆၅၈၇၄၀၈၂)
- မိသားစုသဖွယ် နွေးထွေးမှုများ ကြည်နူးဘွယ်ခရီးစဉ်ဖြစ်ပါသည်။
  သစင်မွန် (တ/ဥက္ကလာ ၀၉-၅၁၈၅၇၄၀)

**ဇော်မင်းထွေး** ☎ ၀၉-၂၅၀၀၄၀၁၅၃

- တိုးတက်ကြီးပွားပါစေ.. ခင်နန္ဒာ..။ ဦးဝိမလာဘိဝံသ (ဒလ ၀၉-၄၂၈၂၅၆၇၆၄)
- ဒီထက်မက သာသနာပြုနိုင်ပါစေ။ ဦးတိက္ခမွေ (တောင်ကုတ် ၀၉-၄၅၁၆၁၂၇၈၅)
- ဘုန်းဘုန်းတို့ ကံကောင်းကြပါသည်။
  ဓမ္မစမ်းရေ (နံ့သာမြေ) ဦးဓမ္မသာရ (ရေစကြို ၀၉-၄၂၀၁၆၄၃၆၂)
- နီပေါ၊ ဒန်ပို့တာ ခင်နန္ဒာ ၊ သွားပေါ့ မိတ်ဆွေများ။
  ဦးပီသုတ (အောင်ပန်း ၀၉-၇၉၅၈၇၆၃၆၅)
- ဒီထက်မက အောင်မြင်တိုးတက်ပါစေ။ ဒေါ်ချို (အောင်ပန်း ၀၉-၉၆၁၆၉၀၄၄၄၄)
- အားလုံး စေတနာအပြည့်နဲ့ လုပ်ပေးကြတယ်။
  ဒေါ်ခင်ဆွေနွယ် (ရွှေဘို ၀၉-၉၇၆၂၄၈၉၉၂)
- အလွန်ကျေနပ်ပါတယ်။ ဒေါ်ခင်စိုးကြည် (တောင်ကုတ် ၀၉-၄၂၁၇၂၅၇၈၉)
- အထူးဝမ်းသာပါသည်။ ဦးစိုးဝင်း (ပြည် ၀၉-၄၄၀၂၂၄၂၂၇)
- လိုက်လှဲပျူငှာမှုရှိပါသည်။ ဦးအောင်လွင် (မြောင်းမြ ၀၉-၉၇၂၂၂၇၃၃၆)

**သချ်ာကျော်ဖိုန်** ဦးစီးသော

**မဟာဧကျော်**

PPTT, PGDMA

အငယ်တန်းစာရေးနှင့်ငွေကိုင်ဝင်ခွင့်

ဒုရဲအုပ်လောင်း(အမျိုးသား)ဝင်ခွင့်

အမျိုးသမီးသီးသန့် အဆောင်ငှားမည်

Ph: 09 263451177, 09 250359833

**GW** 0973226006 0973133528 0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အောက်ပါလုပ်ငန်းများအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) CVC ကွန်ကရစ်(30,000 $m^3$)ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်း [Tender No.07/DHPI(P&W)/2019-2020]

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့် ရက်၊ အချိန် | - | ၅-၂-၂၀၂၀ရက်၊ ၉:၃၀နာရီ |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ရက်၊ နေရာ | - | ၆-၃-၂၀၂၀ရက် ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် အချိန် | - | အမှတ်စဉ်(၁)(က)ပါ လုပ်ငန်းအတွက် ၁၄:၀၀နာရီ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄**

**Dragon Eyes**
အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

| | | |
|---|---|---|
| တောင်ဒဂုံ Sony မြေကွက် (ဂရန်) | 96' x 66' | 3900 သိန်း |
| အင်းစိန် River View Point Condo | 2000 sqft | 3500 သိန်း |
| သင်္ဃန်းကျွန်း ဆော်ဒါ Condo | 950 sqft | 1780 သိန်း |

09 674 888850, 09 430 83990

Dragon Eyes Real Estate Facebook Page

**☆STAR☆**

အုံဖြိုသစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

သွေးသည်အသက်

လိုချင်သူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး Follow Me**
B.Sc.(Hons).,M.Sc.,Ph.D.

Saturday only / Sunday only တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL မှ Certificate ချီးမြှင့်သည့်**

**ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်**

**ENGLISH 4 SKILLS Level (1)** တစ်ပတ် (၅)ရက်နံ့တက်(၂)လ အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီး၊ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Feb 8 စမည်။

**4 SKILLS Level (1,2,3)** အောင်မြင်ပြီးသူတိုင်း **Dip in ESL** ရရှိမည်။

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်

သွက်လက်မှန်ကန်စွာ ပြောတတ်စေရန် **SPEAKING** သီးသန့် ၄၊လ အတတ် လက်ခံပြီ။

အဆင့်မြင့် နိုင်ငံတကာ **University** များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့

ပြည်ပ ကောင်းမွန်သော **IELTS** စာအုပ်၊ **CD, DVD** ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ

**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS** ၄၊လ အထူး လက်ခံပြီ။

**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**

အင်း၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ (အမှတ် ၁၈၊ ၅-လွှာ) 0943125393

ဗိုင်းသီးသန့် ❖ ၄၃၆ (ဗ) ဆပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798





ထီခတံတားဖွင့်ပွဲကျင်းပစဉ်။

# နောင်မွန်မြို့၌ ထီခတံတားနှင့် ထာခတံတား နှစ်စင်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ်ရှိ နောင်မွန်၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်မြို့မှ ပြည်သူများ ရာသီမရွေးသွားလာအသုံးပြုနိုင်တော့မည့် မချမ်းဘော့-ဖရူခ-ရပ်ဘော့-နောင်မွန် ကားလမ်းမပေါ်ရှိ ထီခတံတားနှင့် ထာခတံတားနှစ်စင်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ဖတ်စရာ

2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီအစည်းအဝေး ပထမအကြိမ် ကျင်းပ

စာမျက်နှာ » ၈

အကျဉ်းထောင်မှ အကြမ်းဖက်သမားများ ပြန်လွှတ်ပေးရေးဆိုင်ရာ စနစ်ကို ပြန်လည်သုံးသပ်ရန် အင်္ဂလန်အစိုးရ ကတိပြု

စာမျက်နှာ » ၁၂

သွေးချင်းတို့ရဲ့ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများ(၃)

စာမျက်နှာ » ၁၉

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ် ဩစတြေးလျအိုးပင်းတင်းနစ်ဖလား ရှစ်ကြိမ်မြောက် ဆွတ်ခူး

စာမျက်နှာ » ၂၂

## ထူးခြားသည့် ညအပူချိန်များ

၃-၂-၂၀၂၀

| | |
|---|---|
| ဟားခါး | သုည ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၄ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၄ ဒီဂရီစင်တီဂရိတ် |
| မင်းကင်း | ၄ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၄ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၅ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၅ ဒီဂရီစင်တီဂရိတ် |
| ရမ်ကလေင်း | ၅ ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၆ ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၆ ဒီဂရီစင်တီဂရိတ် |



မြန်မာအမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# မြန်မာအမျိုးသမီးအသင်း တောင်ကိုရီးယားအသင်းကို အရေးနိမ့်

နေပြည်တော် ဖေဖော်ဝါရီ ၃

တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အိုလံပစ်အမျိုးသမီးဘောလုံး တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် အာရှထိပ်သီး တောင်ကိုရီးယားအသင်းကို ခုနစ်ဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း အာရှထိပ်သီးတောင်ကိုရီးယားအသင်းတိုက်စစ်ကို ကြာရှည်တောင့်ခံနိုင်ခြင်းမရှိသောကြောင့် ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် တောင်ကိုရီးယားကို ဂိုးပြတ်အရေးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်အတွက် ဗီယက်နမ်အသင်းကို အနိုင်ကစားနိုင်မှသာ မျှော်လင့်နိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ○

# ၂၀၂၀ AFC Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၂၀ AFC Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုကလပ်အသင်းများအဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာကလပ်အသင်းများအနက် အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းမှာမူ ခြေစစ်ပွဲကစားခဲ့ရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သောကြောင့် အုပ်စုအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အာဆီယံဇုန် အုပ်စု (F) တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက်(စင်ကာပူ)၊ လာအိုတိုယိုတာ(လာအို)၊ ရန်ကုန် (မြန်မာ)၊ အုပ်စု (G)တွင် ဆီရက်စ်(ဖိလစ်ပိုင်)၊ ထန်ကွမ်နင် (ဗီယက်နမ်)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ ဆာဗေ(ကမ္ဘောဒီးယား)၊ အုပ်စု(H)တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪



AFC Cup ပြိုင်ပွဲယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်း

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။